မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ် (၃၂၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတံတား (ရတနာပုံ) မန္တလေးဘက်ကမ်း အတက်လမ်းတိုးချဲ့ ချဉ်းကပ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် သေချာပေါက် အမြတ်စွန်းရနိုင်သည့် သီးနှံဖြစ် တစ်ကေအထွက်နှုန်း စံချိန်မီထွက်ရှိရေး တောင်သူများ စနစ်တကျဆောင်ရွက် စပါးတစ်သီးစိုက်ပြီး အခြားဝင်ငွေကောင်းသော သီးနှံများကို သီးထပ်အဖြစ်ရွေးချယ်စိုက်ပျိုး

မြို့နယ်အလိုက် ဆန်ပူလုံမှု တိုးတက်မြင့်မားရေး အလေးဂရုပြု အကောင်အထည်ဖော် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မည်

နေပြည်တော် ဩဂုတ် ၂၄

မန္တလေးတိုင်း ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဩဂုတ် ၂၃ရက် နံနက် ၇နာရီတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးနှင့် နံ့သာတိုင်များ ကပ်လှူပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

စစ်ကိုင်းမြို့နယ် လယ်ကြီးကျေးရွာရှိ တောင်သူဦးနီဂတိုး၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းနှင့် ချည်မျှင်ရှည်ဝါနှင့် ပဲစင်းငုံ သီးညှပ်စိုက်ခင်းတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဩဂုတ် ၂၅ ရက်)

အောင်မြင်ဖြစ်ထွန်းမည့် သီးနှံများ ရွေးချယ်စိုက်ပျိုး စိုက်ပျိုးရေးအောင်မြင်ရန် တောင်သူများ ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မန္တလေးတိုင်း ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် စိုက်ပျိုးရေရရှိမှု အခြေအနေများကို ဩဂုတ်လ၂၁ရက်နေ့က ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပျော်ဘွယ်မြို့နယ် တွင်းရွာကျေးရွာအုပ်စုမှ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒေသအတွင်း မိုးရွာသွန်းမှု အခြေအနေ၊ စပါးအပါအဝင် မိုးသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေ၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း၊ စိုက်ပျိုးရေရရှိမှု အခြေအနေများကို မေးမြန်း၍ ကြိုးစားလုပ်ကိုင်ရန် အားပေးစကားပြောကြားခဲ့သည်။

သာစည်မြို့နယ် အဖျောက်ကျေးရွာတွင်လည်း ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးထားသော ရေရရှိရေး လုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို စနစ်တကျအသုံးပြု၍ မိမိတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရန် ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားခဲ့ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ဩဂုတ်လ ၂၂ရက်နေ့တွင် မလှိုင်မြို့နယ်သို့ရောက်ရှိခဲ့ပြီး လယ်ကြီးကျေးရွာအုပ်စုမှ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရန်၊ ခေတ်မီပေါင်းစည်းလယ်ယာစနစ် ကျင့်သုံးအကောင်အထည်ဖော်ရန်၊ ကျေးရွာဖွံ့ဖြိုးရေး အတွက် ဇီဝဓာတ်ငွေ့အသုံးပြုရန်တို့ကို ဆွေးနွေးပြောကြားခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များ တိုးတက်ပြည့်စုံလာစေရန် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ ယာမြေကို လယ်မြေများအဖြစ် ပြောင်းလဲရေးလုပ်ငန်းများ၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းမြင့်မားရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

မိုးခေါင်ရေရှားသည့် အညာဒေသတွင် စိုက်ပျိုးသူ တောင်သူလယ်သမားများ အခက်အခဲပြေလည်စေရန် ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင် လုပ်ငန်းသာမက မြေအောက်ရေရရှိရေး လုပ်ငန်းများကိုပါ စီမံပေးလျက်ရှိပြီး သောက်သုံးရေအတွက်သာမက စိုက်ပျိုးရေအတွက်ပါ စက်ရေတွင်းများ တိုးချဲ့တူးဖော်ပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် ရေရရှိရေးသာမက ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးတို့ တိုးတက်ကောင်းမွန်စေရန် အဘက်ဘက်က ဖြည့်ဆည်းပေးလျက်ရှိရာ တောင်သူများအပိုင်းကလည်း ရာသီဥတုအခြေအနေပေးမှုအပေါ် အောင်မြင်ဖြစ်ထွန်းမည့်သီးနှံများကို မှန်ကန်စွာရွေးချယ်ပြီး စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ရန် ကြိုးပမ်းစိုက်ပျိုးသွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝေနေယျသုခရေချမ်းစင်အသင်း ပြက္ခဒိန်နှစ်မျိုး ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂၄

၂၀၁၀ပြည့်နှစ်အတွက် ဝေနေယျသုခရေချမ်းစင်အသင်း ပြက္ခဒိန်နှစ်မျိုး ဆေးရောင်စုံ မျက်နှာဖုံးဖြင့် တစ်ပြိုင်တည်းထွက်ပြီဖြစ်သည်။ တစ်နှစ်စာ ရေဖိုးငွေကျပ် အနည်းဆုံး ကျပ်၃၀၀လှူဒါန်းထားသူများအား မြန်မာစက္ကူချောဖြင့်လည်းကောင်း၊ ငွေကျပ်၄၀၀ လှူဒါန်း ထားသူများအား နိုင်ငံခြားစက္ကူဖြင့်လည်းကောင်း ပြက္ခဒိန်တစ်စောင်စီ လက်ဆောင်ပေးမည်။ ပြည်တွင်း ပြည်ပ ရေအလှူဒါနခုနစ်မျိုးစုံအတွက် အနည်းဆုံးငွေကျပ်၁၀၀၀ လှူဒါန်းသူ၊ ဝေနေယျသုခမ္ဘောရုံဘက်စုံအလှူနှင့် ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင် တစ်ပင် လှူင် အလှူငွေကျပ်တစ်သောင်း အလှူရှင်များအား ကမ္ဗည်းမော်ကွန်းတင်၍ ပြက္ခဒိန်များ နှင့် ဂုဏ်ပြုလွှာပေးအပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆီမီး ၉၉၀၀အဖွဲ့သို့ တိုင်းရင်းဆေးများလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ဆီမီး ၉၉၀၀အဖွဲ့သို့ တိုင်းရင်းဆေးသမားတော်ကြီး ဦးကျော်စိန်(မိုးကုတ်) (ဖြူစင်မေတ္တာဆေးတိုက်)-ဒေါ်နန်းခမ်းဆာမိသားစုက ငွေကျပ်နှစ်သိန်းဖိုးရှိ တိုင်းရင်းဆေးလှူဒါန်း ပွဲကို ဩဂုတ် ၂၂ရက်က ပုဇွန်တောင်မြို့နယ် လမ်း ၅၀(အလယ်) ဖြူစင်မေတ္တာဆေးတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အလားတူ မှန်ချိုဆေးတိုက်မှ သမားတော်ကြီး မှန်ချိုဦးလှဋ္ဌေး-သမားတော်ကြီး သီရိသုဓမ္မသိင်္ဂီဒေါ်တင်နွယ်ဦးမိသားစုက ငွေကျပ်သုံးသိန်းငါးသောင်းတန်ဖိုးရှိ တိုင်းရင်းဆေးများ လှူဒါန်းပွဲကို ရွှေဘုံသာလမ်း(အလယ်) မှန်ချိုဆေးတိုက်၌ ကျင်းပသည်။

ဆီမီး ၉၉၀၀အဖွဲ့သို့ သီရိသုဓမ္မမဏိဇောတဓရ ဦးမြင့်စိုး-ဒေါ်မြမြစိုးမိသားစုက ငွေကျပ် ၂၆၁၀၀၀၊ ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါ်သီသီတင်မိသားစုက ငွေကျပ် ၄၅၀၀၀ တန်ဖိုးရှိ ချွေးသုတ်ပဝါများ၊ ဒုအရာခံဗိုလ်စိုးဝင်း-ဒေါ်အေးဝင်းမိသားစု၊ တပ်ကြပ်ကြီး မင်းနိုင်-ဒေါ်စပယ်တင်မိသားစု၊ ဦးမိုးအောင်-ဒေါ်မာမာရီမိသားစု၊ ဦးမောင်မောင်မိသားစု၊ ဒုအရာခံဗိုလ်ဝင်းနောင်-ဒေါ်ချိုချိုသက်မိသားစုတို့က ငွေကျပ် ၄၅၀၀၀တန်ဖိုးရှိ ဆပ်ပြာမှုန့်ထုပ်များ လာရောက်လှူဒါန်းရာ ဆီမီး ၉၉၀၀အဖွဲ့ နာယက ဦးစိုးဝင်း (သတင်းထောက် စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က လက်ခံ ရယူကြသည်။ (၁၂၇)

မြဝတီရုပ်မြင်သံကြား

၂၅-၈-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၀	၈။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၅း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	လျှပ်တစ်ပြက်
၆း၃၅	၁၄။	ကလေးတို့ကမ္ဘာ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြားနတ်မယ်လေးရဲ့ချစ်သံစဉ်** (အပိုင်း-၁၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မွေးမြူသုတ
	၂၀။	ဟာသရုပ်စုံ
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၂၆)
	၂၄။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၂)

ကလေးမြို့နယ် စိမ့်စမ်းရေသွယ်ဖွင့်ပွဲအခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဩဂုတ် ၂၁ရက် နံနက် ၈နာရီက ကလေးမြို့နယ် အောင်ချမ်းသာ ကျေးရွာ၌ကျင်းပသည့် စိမ့်စမ်းရေသွယ် သောက်သုံးရေရရှိခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး၍ တာဝန်ရှိသူများနှင့် အတူ ရေပိုက်ကိုဖွင့်လှစ်ပေးရာ ဒေသခံပြည်သူများက တပျော်တပါး ရေခပ်သယ်ယူကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေစုကန်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ကလေးမြို့နယ် ထိုမာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ သဇင်ခန်းမ၌ ဒေသခံများနှင့်တွေ့ဆုံပြီး ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားတည်ဆောက်ရေးအတွက် အလှူငွေများနှင့်အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်၆ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌများက လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ မွန်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အတွင်းရေးမှူး ဦးမောင်ချစ်တို့က ရန်ကုန်မြို့သို့ ညပိုင်းတွင် ထွက်ခွာသည့် အဝေးပြေးမှန်လုံယာဉ်များထွက်ခွာချိန် ပြင်ဆင်သတ်မှတ်ရန်ကိစ္စ၊ မော်တော်ယာဉ်များကို သတင်းပို့မှတ်တမ်းစာအုပ် ထုတ်ပေးပြီး ကြီးကြပ်မှုပြုလုပ်ရန်ကိစ္စ၊ မြို့နယ်များ၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းညွှန်ကြားချက် ကိစ္စတို့ကို ရှင်းလင်းပြောကြားကြပြီး မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူးက တင်ပြချက် များအပေါ် ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ငွေလှူ

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ၅လမ်းနေ ဦးပြင်း-ဒေါ်နှင်းရီ၊ ဒေါ်ကျင်လှိုင်၊ ဦးအောင်ခင်၊ ဒေါ်ညွန့်လှိုင်တို့အား ရည်စူး၍ ကျန်ရစ်သူ သားသမီး၊ မြေး၊ မြစ်တစ်စုတို့က ဆွမ်း၊ ဆေးပဒေသာပင်နှင့် လေးထပ်ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

*** ရှေ့ဖုံးမှ**

ထို့နောက် စေတီတော်အတွက် အလှူငွေများ လှူဒါန်းပြီး လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ညောင်ဦးမြို့နယ် သူကောင်းတည် ကျေးရွာအုပ်စု ညောင်ဦး-မြင်းခြံလမ်းဘေးရှိ ညောင်ဦးမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုး မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိရာ မန္တလေးတိုင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ထွက်ကုန်ပစ္စည်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ခြံအတွင်းရှိ ဇီဝဓာတ်ငွေ့ကန်၊ ရာသီသီးနှံ စိုက်ခင်း၊ မွေးမြူရေးခြံများနှင့် မိုးစပါးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား ကျေးရွာများ၌ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးခြံများ ပိုမိုအောင်မြင် ဖြစ်ထွန်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ပညာတတ် လူငယ်များ ပါဝင်လုပ်ကိုင်လာစေရန် လိုအပ်ကြောင်း မှာကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ညောင်ဦးမြို့နယ် သစ်ထောင့် ကျေးရွာ သူကောင်းတည်မြစ်ရေတင်စိုက်ကွင်းရှိ စိုက်ပျိုးမြေ ဧက ၁၆၀အား ယာမြေမှလယ်မြေ ပြောင်းလဲမြေယာဖော်ထုတ်၍ ဆင်းနွယ်ရင်၊ ရွှေမြန်မာ ယာ-၉၊ ရက် ၉၀သက်လျင်၊ သုခရင်နှင့် ရွှေသွယ်ရင် စပါးမျိုးများဖြင့် စပါး စိုက်ပျိုးခြင်း လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဒေသခံတောင်သူများအား ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် လက်ပံ ခြေပေါ်ဆိပ်ကမ်းမှတစ်ဆင့် ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကူးပြီး မကွေးတိုင်း ပခုက္ကူမြို့သို့ ရောက်ရှိကြရာ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပခုက္ကူမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပခုက္ကူမြို့နယ် ကြီးရွာလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိ ရာ စီမံကိန်းရှင်းလင်းဆောင်၌ မကွေးတိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီး ဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရေပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ပခုက္ကူခရိုင်စိမ်းလန်းစိုပြည်ရေးနှင့် နည်းလမ်းမျိုးစုံဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ညောင်ဦးမြို့နယ် သစ်ထောင့်ကျေးရွာ သူကောင်းတည် မြစ်ရေတင်စိုက်ကွင်းတွင် ယာမြေမှ လယ်မြေ ပြောင်းလဲမြေယာ ဖော်ထုတ်၍ စပါးစိုက်ပျိုးနေမှုကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က တည်ဆောက်ပြီးသော ဆည် တမံများမှတစ်ဆင့် ရေပေးဝေမှုစနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ရေး၊ ဆည်ရေ သောက်ဧရိယာ၌ စပါးတစ်သီး မဖြစ်မနေစိုက်ပျိုးပြီး ဒေသဝမ်းစာဖူလုံရေးကို အထောက်အကူပြုရေး၊ အခြားဝင်ငွေကောင်းသောသီးနှံများ သီးထပ်စိုက်ပျိုးရေး တို့ကို မှာကြားသည်။

ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီမြစ်မှရေကို ရေတင် အဆင့် ကိုးဆင့်ဖြင့် တင်ယူ၍ စိုက်ပျိုးမြေဧက ၅၀၀၀ကို ရေပေးဝေနိုင်မည့် စီမံကိန်းဖြစ်သည်။ ယခုအခါ ရေတင်အဆင့် သုံးဆင့် တည်ဆောက်ပြီးစီး၍ စိုက်ပျိုးမြေဧက ၇၀၀သို့ရေပေးဝေလျက်ရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ညောင်ဦးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးမွေးမြူရေး လုပ်ငန်းခြံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ အိမ်မွေးတိရစ္ဆာန်မွေးမြူသူများ အသင်းက ကြီးမှူး၍ Golden Retriever Show 2009ကို Fortune Int'l Ltd. ၏ ပံ့ပိုး ကူညီမှုဖြင့် ဩဂုတ် ၂၈ ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင် လမ်းရှိ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်ပြီး သီရိအဏ္ဏဝါခန်းမ၌ Royal Canin Group မှ Feed to Breed Dr. Fabienne နှင့် ဒေါက်တာမောင် မောင်စံ(စာရေးဆရာကြည်မင်း)တို့က To Our Friend and Companion ခေါင်းစဉ် ဖြင့် ဟောပြောကြမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြသည်။

ဩဂုတ် ၂၉ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ Royal Canin Group မှ ပညာရှင်များက Dermatology နှင့် Vet Diet များအကြောင်းကို တိရစ္ဆာန်မွေးမြူရေး နှင့် ဆေးကုသရေးဆရာဝန်များအား ဟောပြောမည်ဖြစ်၍ Fortune Int'l Ltd. ဖုန်း- ၂၁၁၃၉၂၊ ၂၁၁၃၉၃ နှင့် ၀၉-၅၀-၁၄၆၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

လက်ပံတန်းမြို့နယ် ရွာကလေးရွာ၌ အခြေခံပညာ အထက်တန်းကျောင်းခွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၄

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်း မြို့နယ် ရွာကလေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ဖွင့်ပွဲကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းပညာရေး မှူး ဦးဇော်ဝင်း တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကော့သောင်းမြို့နေ ပင်မအလှူရှင် ဦးကံမြင့်-ဒေါ်စန်းမြင့် တို့က အလှူငွေကျပ် ၁၅သိန်းနှင့်အခြား အလှူရှင် များ၏လှူဒါန်းငွေကျပ် ၆၇၇၇၇၇ အပါအဝင် စုစုပေါင်း ၂၁၇၇၇၇၇ ကျပ် လှူဒါန်းကြောင်း သိရသည်။ **(ပညာရေး)**

အမက(၆) ကြည့်မြင်တိုင်မြို့နယ်၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်း အဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၂ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အဆင့်ဘာသာစုံထူးချွန် ဒုတိယဆုရ မချောစုသွယ်အား ကျောင်း အုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်မြင့်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

အထူးအယူခံခုံရုံး တရားရုံးချုပ်(နေပြည်တော်)၌ ရုံးထိုင်

နေပြည်တော် ဩဂုတ် ၂၄

တရားရုံးချုပ်(ရန်ကုန်) ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ် (ရန်ကုန်)မှ တရားရုံးချုပ်တရားသူကြီးများ ဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးချစ်လွင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည် တော်) တရားခွင့်အမှတ်(၁)၌ ရုံးထိုင်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု ခုနစ်မှုကို ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နယူးဇီလန်နိုင်ငံ၏ ကုန်သွယ်စီးပွားရေးကဏ္ဍ အရှေ့တောင်အာရှနိုင်ငံများသို့ ချဲ့ထွင်

ဝယ်လင်တန် ဩဂုတ် ၂၄

နယူးဇီလန်နှင့် သြစတြေးလျနှစ်နိုင်ငံ ပြည်ပကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေး ပူးပေါင်းလုပ်ဆောင်ရန် သဘောတူညီလိုက်ကြကြောင်း နယူးဇီလန် အသံလွှင့်ဌာနက ဩဂုတ် ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

နယူးဇီလန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက နိုင်ငံရေးရာကိစ္စ၌လည်း လိုအပ်ချက်များ ကူညီထောက်ပံ့လျက်ရှိကြောင်း အဆိုပါ သတင်း၌ဖော်ပြသည်။

ကြိုးပမ်းလျက်ရှိ

ယခုနှစ်အတွင်း ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရန် နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံဆွေးနွေးစဉ် ညှိနှိုင်းပြီးဖြစ်သည်။ နယူးဇီလန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် သြစတြေးလျနိုင်ငံသို့ ကုန်သွယ်မှုပြုနေရာမှ အရှေ့တောင်အာရှနိုင်ငံများသို့တိုင် ဈေးကွက် တိုးချဲ့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း ယင်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ပေါ်တူဂီနိုင်ငံ ကာစတစ်မြို့တွင် ပင်လယ်ပွဲတော်ရက်အတွင်း တီရှပ်များပေါ်၌ ကလေးငယ်များက အရုပ်များ ရေးဆွဲထားသည်ကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။ (အဆိုပါ ပွဲတော်ကျင်းပရာဒေသအတွင်း အထူးအစားအသောက်များ၊ လက်မှုပညာများ၊ ကလေးငယ်များ၏ လှုပ်ရှားမှုများအပြင် ဂီတဖျော်ဖြေပွဲများ ပါဝင်သည်။)

(အင်တာနက်ဓာတ်ပုံ)

ကြည့်ရှုလေ့လာ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် ရှန်ယန်းမြို့တွင် စက်ဘီးပြပွဲ၌ ဧည့်သည်များ ကြည့်ရှုလေ့လာနေသည်ကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘောဒီးယားသို့ ခရီးသည်များရောက်ရှိမှု ပြန်လည်မြင့်တက်လာ

ဖနောင်ပင် ဩဂုတ် ၂၄

ကမ္ဘောဒီးယားနိုင်ငံသို့ ခရီးသည်များ ရောက်ရှိမှုမှာ ယခုနှစ် ဇူလိုင်လအတွင်း ၁၆၃၀၀၀ကျော် လာရောက်လည်ပတ်ခဲ့ရာ ယခုနှစ်စနှင့်နှိုင်းယှဉ်လျှင် ၁၀ ရာခိုင်နှုန်းကျော် ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘောဒီးယားခရီးသွားလုပ်ငန်း ပြန်လည်ကောင်းမွန်လာမှုပင်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဩဂုတ် ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ပြောကြား

ခရီးသည်များလာရောက်မှု မြင့်တက်လာရာတွင် အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့် လာအိုနှင့်ဗီယက်နမ်နိုင်ငံမှ အများစု ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံမှ ခရီးသွားများ အုပ်စုလိုက်လာရောက်မှုမှာမူ အနည်းငယ် ကျဆင်းသွားကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဌာနဝန်ကြီး ဒေါင်ခွန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်မည့် ခရီးသည်များအနေဖြင့် ဟိုတယ်များတွင် ကြိုတင်စာရင်းပေးပို့ထားမှုမှာလည်း ပိုမိုများပြားလာသည်။ (အင်တာနက်)

တူရကီ၌ မူးယစ်ဆေးဝါး ၂၇၅ ကီလို သိမ်းဆည်းရမိ

အင်ကာရာ ဩဂုတ် ၂၄

တူရကီနိုင်ငံအရှေ့ပိုင်း အာရီပြည်နယ်တွင် တူရကီရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဘိန်းဖြူ ၂၇၅ ကီလိုကို ဩဂုတ် ၂၃ရက်က သိမ်းဆည်းနိုင်ခဲ့ကြောင်း အနာတိုလီသတင်းဌာနက သတင်းထုတ်ပြန်သည်။

သိမ်းဆည်း

ဂါဘူလတ်ခ်မြို့ရှိ နယ်စပ်ဂိတ်၌ ထရပ်ကားတစ်စီးအား မသင်္ကာသဖြင့် ရပ်တန့်စေပြီး ရှာဖွေစစ်ဆေးခဲ့ရာမှ ကားအတွင်းဝှက်ထားသည့် ဘိန်းဖြူများကို သိမ်းဆည်းနိုင်ခဲ့သည်။

ဖမ်းဆီး

အီတလီနိုင်ငံသို့ ယင်းမူးယစ်ဆေးဝါးများကို သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ထရပ်ကားမောင်းနှင်လာသည့် အီရန်အမျိုးသား ယာဉ်မောင်းကိုလည်း ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများမှထွက်သည့် မူးယစ်ဆေးဝါးများကို ဥရောပနိုင်ငံများသို့ သယ်ဆောင်ရာလမ်းကြောင်းမှာ တူရကီနိုင်ငံက အဓိကဖြစ်နေသည်။

၂၀၀၈ခုနှစ်အတွင်း တူရကီရဲတပ်ဖွဲ့အနေဖြင့် မူးယစ်စစ်ဆင်ရေး ၁၅၀၀၀ ခန့်ကို ဆင်နွှဲခဲ့ပြီး ဘိန်းဖြူ ၁၅ တန်နှင့် ဆေးခြောက် ၃၉ တန်တို့ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် ဆက်နွှယ်သူ ၃၂၀၀၀တို့အား ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။ ***(အင်တာနက်)***

ဆိုမာလီတို့ဖမ်းဆီးထားသော အီဂျစ်ငါးဖမ်းသင်္ဘောနှစ်စင်း ဓားပြများအားခုခံတိုက်ခိုက်ပြီး နေရပ်သို့ပြန်လည်ရောက်ရှိ

ကိုင်ရို ဩဂုတ် ၂၄

အီဂျစ်ငါးဖမ်းသင်္ဘောနှစ်စင်းသည် သင်္ဘောသား ၃၄ ဦးနှင့်အတူ ပင်လယ်ဓားပြ ရှစ်ဦးအား ဖမ်းဆီးလာကာ မိမိနေရပ်သို့ ဩဂုတ် ၂၃ ရက်က ပြန်လည်ရောက်ရှိလာကြပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ရေးသားဖော်ပြသည်။ အဆိုပါသင်္ဘောနှစ်စင်းမှာ ပြီးခဲ့သည့် ငါးလက ဆိုမာလီပင်လယ်ဓားပြများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသူများဖြစ်သည်။

အီဂျစ်နိုင်ငံ ကမ်းရိုးတန်းမြို့ဖြစ်သည့် စူးအက်မြို့သို့ ပြန်လာကြသည့် သင်္ဘောသားများအား ထောင်ပေါင်းများစွာသော ပြည်သူများက တေးသီချင်းများသီဆိုကာ ကြိုဆိုခဲ့ကြသည်။

ပြန်ပေးငွေ အမေရိကန်ဒေါ်လာ တစ်သန်းကို ပေးခဲ့ခြင်းမဟုတ်ဘဲ ပင်လယ်ဓားပြများကို အီဂျစ်သင်္ဘောသားများ ကိုယ်တိုင် ခုခံတိုက်ခိုက်ပြီး ပင်လယ်ဓားပြ ရှစ်ဦးအား လက်ရဖမ်းဆီးကာ ဩဂုတ် ၁၃ ရက်က လွတ်မြောက်လာခြင်းဖြစ်သည်။

ထုတ်လွှင့်

ငါးလတာကာလအတွင်း ပင်လယ်ဓားပြများက သူတို့အား ဆန်ကြမ်းများနှင့် မသန့်ရှင်းသော ရေများသာတိုက်ပြီး ကြမ်းတမ်းစွာ ပြုမူဆက်ဆံကြကြောင်း၊ ပင်လယ်ဓားပြများအိပ်ပျော်နေချိန်တွင် ၎င်းတို့၏ လက်နက်များကိုယူကာ ခုခံတိုက်ခိုက်ကြပြီး လွတ်မြောက်လာခြင်းဖြစ်သည်ဟု အီဂျစ်သင်္ဘောသားတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ နိုင်ငံပိုင်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။

အရေးယူမည်

အီဂျစ်ငါးဖမ်းသင်္ဘောမှ သင်္ဘောသားများ ဖမ်းဆီးလာသည့် ပင်လယ်ဓားပြများအား အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူမည် ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

တောမီးငြိမ်းသတ်

တူရကီနိုင်ငံ အနောက်မြောက်ပိုင်း ရာလိုဗာပြည်နယ်တွင် တောမီးများလောင်ကျွမ်းရာ မီးသတ်ယာဉ်များဖြင့် ငြိမ်းသတ်နေသည်ကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဥရောပနိုင်ငံများ၌ A(H1N1) ဆက်လက်ဖြစ်ပွားနေ

စတော့ဟုမ်း ဩဂုတ် ၂၄

ဥရောပတစ်ဝန်း၌ A(H1N1)တုပ်ကွေးရောဂါ ကူးစက် ပြန့်ပွားမှုကြောင့် ရိုမေးနီးယားနိုင်ငံ၌ ၂၄နာရီအတွင်း ယင်းရောဂါ ငါးဦးထပ်မံ ဖြစ်ပွားလျက်ရှိကြောင်း ဥရောပရောဂါ ကာကွယ်ထိန်းချုပ်ရေးဌာန (အီးစီဒီစီ)က နေ့စဉ်သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဖော်ပြ

ယင်းသတင်းထုတ်ပြန်ချက်အရ A(H1N1) တုပ်ကွေးရောဂါ ပြင်းထန်စွာ ထပ်မံဖြစ်ပွားနေသူ စပိန်၌နှစ်ဦးနှင့် ဂရိ၌တစ်ဦးရှိကြောင်း ထပ်လောင်းဖော်ပြသည်။

(အင်တာနက်)

စပိန်တောင်ပိုင်း၌ A(H1N1)ဖြင့် သုံးဦးသေဆုံး

မက်ဒရစ် ဩဂုတ် ၂၄

စပိန်နိုင်ငံတောင်ပိုင်း အန်ဒါလူကီ ဒေသ၌ ယခုရက်သတ္တပတ်အတွင်း A(H1N1) တုပ်ကွေးရောဂါဖြင့် သုံးဦးသေဆုံးကြောင်း ဩဂုတ်၂၃ရက်တွင် ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။

ပိတ်ထား

၎င်းနိုင်ငံအတွင်း အဆိုပါရောဂါများ ကူးစက်ပြန့်ပွားမှုကြောင့် လာမည့် စက်တင်ဘာ အစောပိုင်းတွင် ကျောင်းများ ခေတ္တပိတ်ထားမည်ဖြစ်သည်။

(အင်တာနက်)

A(H1N1)ဗီယက်နမ်တောင်ပိုင်း၌ ပိုမိုဖြစ်ပွား

ဟန္နိုင်း ဩဂုတ် ၂၄

ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ယခုရက်သတ္တပတ်ကုန်၌ A(H1N1) တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၂၇၁ ဦးရှိရာ အဆိုပါရောဂါဖြစ်ပွားသူပေါင်း ၂၀၁၄ဦးရှိကြောင်း ဩဂုတ်၂၃ရက်က ဒေသဆိုင်ရာသတင်းစာ၌ ဖော်ပြသည်။

ဖြစ်ပွား

၎င်းနိုင်ငံတောင်ပိုင်းဒေသများ၌ A(H1N1)အများဆုံးဖြစ်ပွားလျက်ရှိရာ ယင်းရောဂါဖြစ်ပွားသူ ၁၁၉၈ ဦးမှာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာပြီ ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း ပက်ရှဝါမြို့တွင် အသေခံဗုံးဖြင့်တိုက်ခိုက်သဖြင့် ဒဏ်ရာရရှိသူတစ်ဦးအား ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။(အဆိုပါဒေသတွင် ပြိုင်ဘက်အုပ်စု နှစ်ခု အပြန်အလှန် ပစ်ခတ်တိုက်ခိုက်စဉ် အသေခံဗုံးဖောက်ခွဲမှုကြောင့် အမျိုးသမီးနှစ်ဦးအပါအဝင် သုံးဦးသေဆုံးကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရန်လုံခြုံရေးအဖွဲ့ အကြမ်းဖက်မှုချေမှုန်း

တီဟီရန် ဩဂုတ် ၂၄

အီရန်နိုင်ငံအနောက်မြောက်ပိုင်းတွင် အီရန်လုံခြုံရေးတပ်ဖွဲ့(အိုင်အာဂျီစီ)နှင့် အကြမ်းဖက်အုပ်စုတိုက်ပွဲဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့က အကြမ်းဖက်သမား ၂၆ဦးအားသုတ်သင် ချေမှုန်းနိုင်ခဲ့ကြောင်း အိုင်အာဂျီစီ တပ်မှူးက ပြောကြားသည်။

အီရန်အနောက်ပိုင်း နယ်စပ်ဒေသတွင် တူရကီနိုင်ငံမှ ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)နှင့် အဆက်အသွယ်ရှိသော အီရန်ဆန့်ကျင်ရေး ကာ့ဒ်ပြည်သူ့လွတ်မြောက်ရေးပါတီ (ပီဂျေအေကေ)အဖွဲ့က လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည်။

(အင်တာနက်)

25-8 (04).pmd 1 8/25/2009, 2:45 AM

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

ခရီးသည်တင်လေယာဉ် မကာအိုလေဆိပ်၌ အရေးပေါ် ဆင်းသက်ခဲ့ရ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့လေဆိပ်မှ ဩဂုတ် ၂၄ ရက် နံနက် ၁၀နာရီက ပျံသန်းလာသော ခရီးသည် ၁၄၈ဦး တင်ဆောင်လာသည့် အဲအာရှလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် အလိုအလျောက် အရေးပေါ်သတိပေးချက် ထွက်ပေါ်လာသဖြင့် မကာအိုလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ (အောက်ပုံ)

ဂျပန်ဟွန်ရှူးကျွန်း အရှေ့မြောက်ပိုင်း၌ လျှပ်စစ်ငလျင်လှုပ်၍ နေအိမ်အချို့ပျက်စီး

ဂျပန်နိုင်ငံ ဟွန်ရှူးကျွန်း အရှေ့မြောက်ပိုင်း တိုဟိုကူဒေသကမ်းလွန်တွင် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂နာရီ ၂၆မိနစ်ခန့်က ရစ်ချ်တာ စကေး ၅ဒသမ၃ ရှိ ငလျင်လှုပ်ခဲ့ရာအိုမိုရီမြို့တွင် နေအိမ်များ ယိမ်းထိုးလှုပ်ခါခဲ့ပြီး ပျက်စီးမှု အနည်းငယ်ရှိခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း၌ အကြမ်းဖက်သမား ခေါင်းဆောင်ဦးဖမ်းမိ

ပါကစ္စတန်နိုင်ငံ အရှေ့ပိုင်း ဆာရိုဟာမြို့တွင် ဩဂုတ် ၂၄ ရက်က အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်ရန်ကြိုးစားသူခေါင်းဆောင်ဦးကို ဖမ်းဆီးမိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ ရှန်စီပြည်နယ်၌ ကျောက်မီးသွေးမိုင်းပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံ ရှန်စီပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၄ရက်က ကျောက်မီးသွေးမိုင်းတွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သားသုံးဦး သေဆုံးပြီး ၁၁ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

တန်ဇန်းနီးယားနိုင်ငံ အီရင်ဂါမြို့၌ စာသင်ကျောင်းမီးလောင်မှုဖြစ်ပွား

တန်ဇန်းနီးယားနိုင်ငံ အလယ်ပိုင်း အီရင်ဂါမြို့ရှိ စာသင်ကျောင်းတစ်ကျောင်း ဩဂုတ် ၂၄ရက်က မီးလောင်မှုဖြစ်ပွားရာ ၁၂ ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရင်ဂါမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။ (အောက်ပုံ)

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဒစ္စကာဗာရီအာကာသယာဉ်လွှတ်တင်မည်

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဒစ္စကာဗာရီအာကာသလွန်းပြန်ယာဉ်ကို ဩဂုတ်၂၅ရက်(**ယနေ့**)၌လွှတ်တင်ရန် စီစဉ်ထားကြောင်း၊ တစ်စုံတရာအခက်အခဲ မရှိပါက လွှတ်တင်မည်ဖြစ်ကြောင်း နာဆာအာကာသ သိပ္ပံပညာရှင်များက ဩဂုတ် ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

နယူးဇီလန်၌ A(H1N1)ကြောင့်သေဆုံးသူ ၁၆ဦးရှိလာ

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့၌ A(H1N1)ရောဂါဖြင့် ဩဂုတ်၂၄ရက်က အမျိုးသမီးတစ်ဦးသေဆုံးခဲ့ရာ ယင်းရောဂါဖြင့်သေဆုံးသူ ၁၆ဦးရှိပြီဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ ကျန်းမာရေးအရာရှိများက သတင်းထုတ်ပြန်သည်။ ။

(အင်တာနက်)

ရွှေဟင်္သာသိရီမန္တစံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဩဂုတ် ၂၄

နိုင်ငံတော်သြဝါဒါစရိယရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌမဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဟင်္သာသိရီမန္တစံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ရွှေဟင်္သာဝံသ သံဃမဟာနာယကာဓိပတိ သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါရှိ ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)မဟာထေရ် ဆရာတော်ကြီးသည် ၁၃၇၁ခုနှစ် (တော်သလင်းလဆန်း၄ရက်) ဩဂုတ် ၂၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီ မိနစ်၄၀တွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၄-၈-၂၀၀၉

ကော့သောင်း	၅ ဒသမ ၃၆ လက်မ
ရန်ကုန်	၃ ဒသမ ၆၆ လက်မ
ကသာ	၂ ဒသမ ၃၆ လက်မ
ဟဲဟိုး	၂ ဒသမ ၀၄ လက်မ
မော်ဘီ	၁ ဒသမ ၇၇ လက်မ
ပခုက္ကူ	၁ ဒသမ ၅၄ လက်မ

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှတ် (၂) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ (ထုံးဘို)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမှတ်(၂) မော်တော်ယာဉ်ထုတ်လုပ်မှု စက်ရုံ(ထုံးဘို) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

အမှတ် (၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဩဂုတ် ၂၂ရက် မွန်းလွဲပိုင်းတွင် အမှတ် (၂)မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ထုံးဘို)၌ မော်တော်ယာဉ်ထုတ်လုပ်သည့် Assembly Shop, Paint Shop,Press Shop,Machine Shopနှင့် Piston ထုတ်လုပ်မှုအလုပ်ရုံများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ထုတ်လုပ်သည့်မော်တော်ယာဉ်များ သုံးစွဲသူ အကြိုက်ဖြစ်စေရန်Performance,Enduranceနှင့် Image ကောင်းစေရန်အတွက် Workmanship ကောင်းအောင် ထုတ်လုပ်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂)ရန်ကင်း မိဘဆရာအသင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အထက(၂)ရန်ကင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရှင်များအား ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၃ရက် နံနက် ၉နာရီက ရှေ့ဆောင်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

အခမ်းအနားတွင် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၅ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၄၉ ဦးတို့အား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးကြပြီး ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် မဇီဇဝါမောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်က ဆုချီးမြှင့်ပေးကြောင်း သိရသည်။

(အပေါ်ပုံ) (ပညာရေး)

* ကျောဖုံးမှ

ဦးနှောက်အတွင်း ဆဲလ်များပျက်စီးမှုနှင့် ဆဲလ်အသစ်များ ဖြစ်ပေါ်မှုတို့သည် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် ဆက်စပ်လျက်ရှိနေကြောင်း သုတေသနပြုချက်၌ တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။ ကနဦး ကြွက်များကို စမ်းသပ်ခဲ့ရာမှ စတင်တွေ့ရှိရပြီးနောက် ကိုယ်လက်လေ့ကျင့်ခန်းနှင့် ဦးနှောက်ဆဲလ်အသစ်ဖြစ်ပေါ်မှုအကျိုးကို သိရှိခဲ့ကြသည်။

တိုးပွား

ကိုယ်လက်လေ့ကျင့်ခန်း နေ့စဉ်ပုံမှန် ပြုလုပ်ခြင်းသည် ဦးနှောက်ဆဲလ်များ ပျက်စီးမှုကို လျှော့နည်းစေပြီး ဆဲလ်အသစ်များကို တိုးပွားစေကာ မှတ်ဉာဏ်ကောင်းမွန်မှုဖြစ်ပေါ်စေကြောင်း သိရသည်။

ကိုယ်လက်လှုပ်ရှားမှုတွင် မိမိတို့ ကြိုက်နှစ်သက်ရာလေ့ကျင့်ခန်းမျိုး ပြုလုပ်ခြင်းဖြင့် ဦးနှောက်ဆဲလ်ပျက်စီးမှုကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

မြန်မာ့အလင်း သတင်းအက်ဆေး

အိုင်တီနှင့် ယနေ့ကမ္ဘာ

ကမ္ဘာကြီးသည်တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဆက်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတို့သည်လည်း တဖြည်းဖြည်းတိုးတက်လာခဲ့သည်။ အိုင်တီ (IT) ဟုခေါ်သည့် သတင်းအချက်အလက်နှင့် နည်းပညာသည် လူထုအပေါ် တစ်စထက်တစ်စ လွှမ်းမိုးမှုရှိလာပြီဖြစ်သည်။ ဆက်သွယ်ရေး၏ တိုးတက်မှုမှာ ကမ္ဘာသည် ရွာကြီးတစ်ရွာပင်ဖြစ်လာသည်ဟုပင် အမွှမ်းတင်လာကြသည်။ လူတစ်ဦးနှင့်တစ်ဦး မည်မျှပင် ဝေးကွာနေသောအရပ်တွင် ရောက်ရှိနေပါစေ အိုင်တီဟုခေါ်သော စကားလုံးလေး၏ ဆောင်ကြဉ်းပေးမှုဖြင့် မျက်နှာချင်းဆိုင်စကားပြောနေရသကဲ့သို့ ခံစားနိုင်ရန် တီထွင်လာနိုင်ပေပြီ။

ပညာခေတ်

ယနေ့ခေတ်သည် ပညာခေတ်ဟု လူအများပြောလေ့ရှိရာ တကယ်ပင်လည်း မှန်စေသည်မှာ တစ်ကမ္ဘာလုံး၏ ပညာရပ်များကိုတစ်နေရာတည်းတွင် သင်ကြားနိုင်သောကြောင့်လည်း ဖြစ်ပေသည်။ ယနေ့လူငယ်အများစုသည်လည်း အိုင်တီ၏ ကောင်းကျိုးများကြောင့် ခံစားနေရသည်များရှိသကဲ့သို့ ဆိုးကျိုးများလည်း ခံစားနေရသူ များလည်းရှိပါ၏။

အလေးထား

အိုင်တီဟုခေါ်သည့် သတင်းအချက်လက်နှင့် နည်းပညာသည် မြန်မာနိုင်ငံတွင်လည်းလူတိုင်းအတွက်အရေးပါသော အလေးထားသောမဏ္ဍိုင် တစ်ခုဖြစ်လာသည်။ သတင်းတစ်ခုပေါ်ပေါက်လာသည်ဟုဆိုလျှင် ယခင်ကကဲ့သို့ အချိန်တန်ကြာမှ ကြားသိရသည်မဟုတ်ဘဲ မိနစ်ပိုင်းအတွင်းတွင် တစ်ကမ္ဘာလုံး၏ ဖြစ်သမျှ၊ ပျက်သမျှကို သိရှိနိုင်ရန် ကြိုးပမ်းလာကြသည်။ အလုပ်အကိုင်အခွင့်အလမ်းများသည် ယနေ့ အိုင်တီခေတ်ကြီးတွင် လူငယ်တိုင်းအတွက် ကြီးစား အားထုတ်ဖွယ်ရာများ ဖြစ်လာသည်။ ။

မောင်ထူးအောင်၊ ဒုတိယနှစ်
သတင်းအတတ်ပညာ(ဝိဇ္ဇာတွဲ)

ကျေးလက်ပြည်သူများ ပညာဗဟုသုတတိုးပွားရေး စာကြည့်တိုက်များတွင် စာပေဖတ်ရှုလေ့လာ ပညာတတ်လူငယ်များ ပေါ်ထွန်းလာစေရေး မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းကြိုးပမ်း

ဒေသခံပြည်သူများနှင့် တွေ့ဆုံ

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် နှောကန် ကျေးရွာ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၂၁ ရက်တွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဝန်ကြီးသည် ကုက္ကိုကုန်း ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝန်ကြီးသည်လက်ပုကန် ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ပေါင်းစပ်ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် နှောကန် ကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူကလေးများအား နှုတ်ဆက်အားပေးသည်။ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာတွင် ဝန်ကြီးက ဒေသအတွင်း မိုးသီးနှံ စိုက်ပျိုးထွက်ရှိမှု အခြေအနေ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဆောင်းသီးနှံ စိုက်ပျိုးရန်အတွက် ပြင်ဆင်နေမှုအခြေအနေများကို မေးမြန်းရာ ဒေသခံများက ပြန်လည်တင်ပြကြပြီး ဝန်ကြီးက လိုအပ်ချက်များအပေါ် ဆွေးနွေးပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ဒေသခံပြည်သူများ တင်ပြကြသည့် ကုက္ကိုကုန်း ကျေးရွာ ချောင်းကူးတံတားနှင့် သောက်သုံးအုတ်ရေကန် ပြုပြင်မွမ်းမံရန်၊ လက်ပုကန် ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ အကူဆရာ၊ ဆရာမများအား ထောက်ပံ့ငွေ ပေးအပ်ရန်၊ နှောကန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းပြုပြင် တည်ဆောက်ရန် တို့အတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျေးလက်နေပြည်သူများ ပညာဗဟုသုတ တိုးပွားရေးအတွက် စာပေဖတ်ရှုသည့်အလေ့အထ စွဲမြဲလာစေရန် အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များတွင် ပြည်သူအားလုံး စာပေဖတ်ရှုလေ့လာကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းသားလူငယ်များ ပညာသင်ကြားရေးတွင် ထူးချွန်ထက်မြက်သော ပညာတတ်လူငယ်များစွာ ပေါ်ထွန်းလာစေရန်အတွက် မိဘ၊ ဆရာ၊ ကျောင်းသား ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ ဒေသနှင့်ကိုက်ညီမည့် နှစ်ရှည်သီးနှံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝ ပိုမိုတိုးတက်မြင့်မားလာအောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား ပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လက်ပုကန်ကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ် စာစောင်များ၊ အဝတ်အထည်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ ကူမင်းမြို့သို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၈ ရက်မှ ၂၃ရက်အထိ ယူနန်ပြည်နယ် ကူမင်းမြို့သို့ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ဩဂုတ် ၂၃ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

လေ့လာခဲ့

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူသည် ဩဂုတ် ၁၉ ရက်တွင် ယူနန်တိုင်းရင်းသားလူမျိုးစု တက္ကသိုလ်နှင့် ယူနန် တိုင်းရင်းသားလူမျိုးစုပြတိုက်သို့ သွားရောက်လေ့လာခဲ့သည်။

သွားရောက်ကြည့်ရှု

ယင်းနောက် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး အသစ် ဆောက်လုပ်မည့် မြေနေရာကို သွားရောက်ကြည့်ရှုပြီး ယူနန် အားကစားကျွမ်းကျင်မှု ကောလိပ်၌ ကွန်ဖူးသရုပ်ပြ လေ့ကျင့် သင်ကြားပေးနေမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ညပိုင်းတွင် ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာကူကျောက်ရီးက ကူမင်းမြို့ ဂရင်း(န်)လိတ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ဩဂုတ် ၂၀ရက်မှ ၂၁ရက်အထိ လိကျန်းမြို့သို့ လေ့လာရေးခရီး သွားရောက်ခဲ့သည်။

ပြန်လည်လိုက်ပါ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူနှင့် အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်

ရန်ကုန် ဩဂုတ် ၂၄

‘ပုဂ္ဂလိကဆေးခန်းများရဲ့ဖြစ်ပုံတွေနှင့် ပုဂ္ဂလိကဆေးခန်းများ မှတ်ပုံတင်ရတော့မယ်’ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၉၁)ကို ယနေ့ဖြန့်ချိလိုက်သည်။

လှည်းကူးမြို့နယ်ရှိ အရက်ချက်စက်ရုံ မီးလောင်မှုဖြစ်ပွား၊ Face Book ပေါ် ကျက်စားနေတဲ့ ရိုက်စားသမားများ၊ ဧရာဝတီတိုင်းအတွင်း WFP က ရဟတ်ယာဉ်ဖြင့် ကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုရပ်ဆိုင်း၊ လေလံကားဈေးကွက်များကြောင့် ဝယ်ရောင်းကားပွဲစားများ အခက်တွေ့နေ၊ ခရီးသွားလုပ်ငန်းများကို Euro ငွေဖြင့်သာ ငွေလွှဲလို့ရ၊ သာကေတမိကျောင်းမွေးမြူရေးစခန်းမှ မိကျောင်းများကို ပြည်တွင်းရှိ Mini Zoo များသို့သာ ရောင်းချခွင့်ရှိသည်ဟုဆို၊ နိုင်ငံခြားသား ခရီးသွားများ တရားမဝင်ငွေလဲလှယ်မှုကြောင့် ငွေကြေးလဲလှယ် လိမ်လည်မှုများခံရ၊ တံဆိပ်တုံး အတုတွေကို ကြပ်ကြပ်မတ်မတ် အရေးယူပြီ၊ စင်ကာပူနိုင်ငံသားခံယူခြင်း အကျိုး အပြစ်များ၊ “ဆမ” လက်မှတ်ရရှိတော့မည့်ဆရာဝန်များ အလုပ်အကိုင်များ ရရှိရန် အခွင့်အလမ်းကောင်းများရှိနေ၊ ဩဂုတ်လ ၂၇ရက်တွင် ကမ္ဘာမှအင်္ဂါဂြိုဟ်အား မီးကျီခဲ သဏ္ဌာန်တွေ့မြင်နိုင်၊ ကျွဲနွားအရှင်များ မလေးရှားနိုင်ငံသို့တင်ပို့ရန် ပြင်ဆင်လျက်ရှိ၊ အဝေးပြေးယာဉ်ရပ်နားစခန်းများနှင့် ရန်ကုန်ဘူတာကြီးကဲ့သို့သော နေရာများတွင် တက္ကစီလူခေါ်ပွဲစားဟန်ဆောင်၍ ပစ္စည်းအလစ်သုတ်မှုများရှိနေ၊ ကိုရီးယားဘာသာ စကား အရည်အချင်းစစ်စာမေးပွဲအောင်မြင်ရုံဖြင့် ကိုရီးယားသို့ မရောက်နိုင်၊ သမားရိုးကျမဟုတ်သည့် ရာသီဥတုဖောက်ပြန်မှုများ ပေါ်ပေါက်လာနိုင်၊ ဝတ်မှုန်ရွှေရည်ပြောတဲ့ ဝတ်မှုန်မျှော်တဲ့လိပ်ပြာ၊ စားသောက်ဆိုင်များတွင် သွားရောက်စားသုံးသူများ ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်ရာ၌ ဆိုင်မှငွေရှင်းပြေစာ သည် အခွန်တံဆိပ်တုံး ပါသည့်ပြေစာဖြစ်ရန်လိုအပ်၊ MAI လေကြောင်းလိုင်း ရန်ကုန်-ဗုဒ္ဓဂယာ ပြေးဆွဲတော့မည်၊ ပြန်လာတော့မယ့် Road to Mandalay အပျော်စီးဇိမ်ခံသင်္ဘော၊ ရွှေ့ပြောင်းနိုင်သော ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်စနစ်သစ်ကို ဘိုးရင်းကုမ္ပဏီ တီထွင်ရန် အကြံပြု၊ နောက်ကွယ်မှ ကြိုးကိုင်သူ တာလီဘန် ခေါင်းဆောင်ကို အမေရိကန်ပြည်ထောင်စု ပစ်မှတ်ထားတိုက်ခိုက်၊ လက်ဘနွန် လုံခြုံရေးတပ်ဖွဲ့ဝင် အရာရှိဟောင်း အစ္စရေးအတွက် သူလျှိုလုပ်ခဲ့ကြောင်း ဖြောင့်ချက်ပေးစသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၈-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	**မြတ်ဂုဏ်တော်သခင်** သန်းမြတ်စိုး (တေးရေး- မောင်မောင်လတ်)
၇:၄၅	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	ယုံကြည်အားထား စက်မှု(၁) ဆပ်ပြာများ
၈:၂၅	၈။	**၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား၊ အမျိုးသမီး)**
၈:၄၀	၉။	International News
၈:၄၅	၁၀။	နှောင်းခေတ်တေးပဒေသာ
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၂၀	၃။	အတီးပြိုင်ပွဲ
၄:၂၅	၄။	တေးဂီတအစီအစဉ်
၄:၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ- တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၅၅	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။	**သတင်းကောင်း**
၅:၂၀	၈။	ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၅:၃၀	၉။	**၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅-၂၀နှစ်) (အမျိုးသား၊ အမျိုးသမီး)**
၅:၅၀	၁၀။	ရင်မှာစွဲထင်တေးအလှသံစဉ် (မေစံပယ်ညို)
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅	၁၄။	ဆိုလိုက်ကြစို့
၇:၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **တစ်ရေးနိုးဖူးစာ**(အပိုင်း-၁၀)
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ(အပိုင်း-၂၃)**
	၂၀။	အစီအစဉ်ပြီး၏။

ကွတ်ခိုင်မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာအုပ်စာစောင်များလှူဒါန်းပွဲကျင်းပ

ကွတ်ခိုင် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

စာအုပ်လှူဒါန်းပွဲတွင် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးညွန့်ဝေ (ပခုက္ကူဦးအုံးဖေစာပေဆုရ ကောင်းညွန့်ဝေ-ရေစကြို)က စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ သုတရသ၊ မဂ္ဂဇင်းဂျာနယ်မျိုးစုံ အုပ်ရေ ၁၀၀၀ ကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့်ဇနီး ဒေါ်နန်းနုမိသားစု၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က စာအုပ်စာစောင်များကို လှူဒါန်းကြရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးဝင်းက လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ခေတ်မီခမ်းနားထည်ဝါတဲ့ မန္တလေး ဘူတာသစ်ကြီးကို ၂၀၀၁ ခုနှစ် ဧပြီလမှ စပြီး လုပ်ငန်းများ စတင်လည်ပတ် ဆောင်ရွက်ခဲ့။

■ *ကျောဖုံးမှ*

အဓိကအခန်း

နိုင်ငံတော်အနေဖြင့် ပြည်သူအများ ခရီးသွားလာမှုအဆင်ပြေပြီး လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေး ဆောင်ရွက်ပေးခဲ့ရာတွင် မြန်မာ့မီးရထား၏ ကြိုးပမ်းဆောင်ရွက်မှုမှာလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ကွန်ရက်

မြန်မာနိုင်ငံ၏ လူဦးရေအများစုမှာ ခရီးသွားလာရေးတွင် မီးရထားကို အားကိုးကြရသဖြင့် နိုင်ငံတော်က မြန်မာနိုင်ငံတစ်နံတစ်လျား မီးရထား လမ်းကွန်ရက်များ ဖောက်လုပ်တည်ဆောက်ပေးပြီး ဘူတာရုံသစ်များလည်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက မန္တလေးတိုင်း၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး သတင်းဆောင်းပါးများ ရေးသားရန် ရောက်ရှိခဲ့ရာမှ မန္တလေးဘူတာကြီးတွင် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးထားမှုနှင့် စပ်လျဉ်း၍ ရုံပိုင်ချုပ်ကြီးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

စတင်လည်ပတ်

"ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ မြန်မာပြည်အနှံ့ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီး တစ်နေရာက တစ်နေရာကို ခရီးသွားလာမှု လွယ်ကူချောမွေ့စေရေး၊ ချစ်ကြည်ရေး၊ ကုန်စည်ဖလှယ်ရေးတို့အတွက် မီးရထားလမ်းတွေကို ကွန်ရက်သဖွယ် ဖောက်လုပ်ထားပါတယ်။ ဒီရထားလမ်းပိုင်းတွေမှာ လမ်းဆုံဘူတာများစွာရှိတဲ့အနက် မန္တလေးဘူတာကြီးဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ ခေတ်မီခမ်းနားထည်ဝါတဲ့ မန္တလေးဘူတာသစ်ကြီးကို ၂၀၀၁ခုနှစ် ဧပြီလမှစပြီး လုပ်ငန်းများ စတင်လည်ပတ် ဆောင်ရွက်ခဲ့ပါတယ်။

မန္တလေးဘူတာကြီးဟာ လမ်းဆုံဘူတာကြီးဖြစ်တဲ့အလျောက် မန္တလေးမှ မြန်မာပြည်မြောက်ပိုင်း မြစ်ကြီးနားကိုဖြစ်စေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးကိုဖြစ်စေ၊ မြန်မာပြည်အလယ်ပိုင်း ပခုက္ကူနဲ့ ပုဂံကိုဖြစ်စေ၊ မြန်မာပြည်အောက်ပိုင်း ရန်ကုန်မြို့မှတစ်ဆင့် ရေး၊ ထားဝယ်မြို့များကိုဖြစ်စေ၊ တစ်ဆက်တစ်စပ်တည်း မီးရထားနဲ့ခရီးသွားလာနိုင်ဖို့ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိပါတယ်" ဟု မန္တလေးဘူတာရုံပိုင်ချုပ်ကြီး ဦးစိုးဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

အစုန်အဆန်

မန္တလေးဘူတာကြီးမှ မြစ်ကြီးနားသို့ နေ့စဉ် အစုန်၊ အဆန် အမြန်စာပို့ လော်ကယ်ရထား အဝင်ငါးစင်း၊ အထွက်

"ခရီးသည်များ သွားလာမှု လွယ်ကူချောမွေ့စေရေး စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်"
ဦးစိုးဝင်း
ရုံပိုင်ချုပ်ကြီး
(မန္တလေးဘူတာကြီး)

ငါးစင်းဖြင့်လည်းကောင်း၊ ရန်ကုန်သို့ အဝင်ငါးစင်း၊ အထွက်ငါးစင်းဖြင့်လည်းကောင်း၊ နေပြည်တော်သို့ အဝင်တစ်စင်း၊ အထွက်တစ်စင်းဖြင့်လည်းကောင်း၊ ပုဂံသို့ အဝင်နှစ်စင်း၊ အထွက်နှစ်စင်းဖြင့် လည်းကောင်း၊ လားရှိုး၊ ပခုက္ကူနှင့် မုံရွာဘူတာများသို့ အဝင်၊ အထွက်တစ်စင်းပြေးဆွဲပြီး ပခုက္ကူမှ ကလေးမြို့သို့လည်းကောင်း၊ မုံရွာမှ ရေဦး၊ ခင်ဦးအထိလည်းကောင်း ခရီးဆက်နိုင်ကြောင်း၊ မန္တလေးမှမတ္တရာသို့ အဝင်အထွက်တစ်စင်းစီ ပြေးဆွဲပြီး သူရဲဈေးမှ မတ္တရာသို့ ခေါက်ပြန်လေးစင်းပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် ကားလမ်းနှင့် အလှမ်းဝေးသော ကျေးရွာဘူတာများအတွက် မြို့ဟောင်းဘူတာမှ သာစည်ဘူတာအထိ လော်ကယ်ရထားများ နေ့ချင်းပြန် ပြေးဆွဲပေးလျက်ရှိသဖြင့် ကျေးရွာဘူတာငယ်များအားလုံးရှိ ခရီးသည်များ သွားလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

လမ်းသစ်

ယခုအခါ မန္တလေးတိုင်းအတွင်း တိုးချဲ့လျက်ရှိသော ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းသစ် စီမံကိန်းများ ပြီးစီးပါက မကွေးမှတစ်ဆင့် စစ်တွေ-အမ်း- မင်းဘူး-မကွေးလမ်းပိုင်းအတိုင်း ရခိုင်ပြည်နယ်သို့ ခရီးဆက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

အထက်ဖော်ပြပါအတိုင်း လူစီးအမြန်၊ စာပို့၊ အစုန်၊ အဆန် ရထားခရီးစဉ်များ ပြေးဆွဲပေးရာတွင် မန္တလေးဘူတာမှ လမ်းပိုင်းအသီးသီးသို့ နေ့စဉ် ခရီးသည် ဦးရေ ပျမ်းမျှ ၆၀၀၀နှင့် ပါဆယ် ပစ္စည်းတန်ချိန် ၂၉၀ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ပို့ဆောင်ပေး

အလားတူ မြို့ဟောင်းဘူတာမှ မြစ်ကြီးနားလမ်းပိုင်းသို့ ရထားစက်ခေါင်း ငါးခေါင်း၊ ကုန်တွဲကြီးများ၊ ခုနစ်ဆိုင်းဖြင့် တစ်လအသွားအပြန် ၃၇ခေါက်နှုန်း ပို့ဆောင်ပေးပြီး ကုန်ပစ္စည်း ၁၄၁၁၈တန် ပို့ဆောင်ပေးကာ ရန်ကုန်လမ်းပိုင်းသို့ ရထားစက်ခေါင်းငါးခေါင်း၊ ကုန်တွဲကြီးများ ခြောက်ဆိုင်းဖြင့် တစ်လပျမ်းမျှ အသွား အပြန် ၃၅ခေါက်နှုန်း ပြေးဆွဲလျက်ရှိကြောင်း၊ ထို့အပြင် ကုန်ပစ္စည်းတန်ချိန် ၁၇၅၈၆တန် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှု ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် မန္တလေးတိုင်းနှင့် ဆက်စပ်ပြီး လမ်းသစ်များဖောက်လုပ်ပေးလျက်

"မန္တလေးတိုင်းအတွင်းမှာ မီးရထားလမ်းသစ်များ တိုးချဲ့ ဖောက်လုပ် ပေးနိုင်ခဲ့ပါတယ်"
ဦးမောင်မောင်သန်း
အင်ဂျင်နီယာမှူး(တိုင်းအမှတ်-၃)

ရှိပါတယ်။ ပျော်ဘွယ်- ဘုရားငါးဆူ ရထားလမ်းပိုင်းကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီလမ်းပိုင်းမှာ ၁၉ဒသမ၁၉မိုင် ရှိပါတယ်။ တံတားကြီး တံတားငယ် ၃၄ စင်း ဒီလမ်းပိုင်းမှာ တည်ဆောက်ပေးခဲ့ပါတယ်" ဟု မန္တလေးဘူတာကြီး တိုင်းအမှတ်(၃)မှ အင်ဂျင်နီယာမှူး ဦးမောင်မောင်သန်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

"ဒါ့အပြင် ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းပိုင်းကိုလည်း ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၀ရက်က စတင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါတယ်။ မိုင်အားဖြင့် ၉၅ မိုင် ရှိပါတယ်။ ၄င်း ပျော်ဘွယ်-နတ်မောက်-မကွေး လမ်းအစိတ်အပိုင်းဖြစ်တဲ့ ပျော်ဘွယ်-ရေငံ-ရန်အောင် လမ်းပိုင်းကို မကြာမီ ဖွင့်လှစ်ပေးနိုင်တော့မှာ ဖြစ်ပါတယ်" ဟု ဦးမောင်မောင်သန်းက ဆက်လက်ရှင်းပြသည်။

"ဆက်လက်ပြီး နေပြည်တော်နဲ့ မန္တလေးမြို့သွားလာမှု တိုးတက်ကောင်းမွန်လာစေဖို့အတွက် နေပြည်တော်ပျဉ်းမနား-မြို့ဟောင်း- ဒွေး ရထားလမ်းပိုင်းကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၄ရက်မှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီရထားလမ်းပိုင်းဟာ ခရီးမိုင် ၁၅၇ ဒသမ ၇၅မိုင် ရှိပါတယ်" ဟု ဦးမောင်မောင်သန်းက ရှင်းပြသည်။

ချစ်ကြည်ရင်းနှီးမှု

ဤသို့ဖြင့် မြန်မာ့မီးရထားက မန္တလေးဘူတာကြီးကို အခြေပြုလျက် ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲပြီး လမ်းကွန်ရက်သစ်များ ဖောက်လုပ် တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေကာ ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်စီးဆင်းမှုများ တိုးတက်လာလျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မန္တလေးဘူတာကြီးမှ မြစ်ကြီးနားသို့ ထွက်ခွာမည့် ခရီးသည်တင်ရထားတစ်စင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရန်ကုန်မြောက်ပိုင်းခရိုင်၌ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက် ည ၇နာရီက အင်းစိန်မြို့ ပင်မယန္တရား (တောင်) ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်

ရှေးဦးစွာ ရွှေတံဆိပ်ဆုရှင် အနုပညာရှင်များက ဧည့်ခံဖျော်ဖြေ တင်ဆက်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌက မြို့နယ်အလိုက် ပထမဆုရ အင်းစိန်မြို့နယ်ပြိုင်ပွဲဝင်များ ကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များ၊ ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။
(ခရိုင် ပြန်/ဆက်)

စာပေဗိမာန်ထုတ် ရွှေသွေးဂျာနယ် အသွင်သစ်ဖြင့် ထုတ်ဝေမည်

ရန်ကုန် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က အပတ်စဉ်ထုတ်ဝေလျက်ရှိသော ရွှေသွေးဂျာနယ်ကို စက်တင်ဘာ ၅ရက်ထုတ် အတွဲ(၄၁) အမှတ် (၃၆)မှစ၍ အသွင်သစ်ဖြင့် ပြောင်းလဲထုတ်ဝေမည်ဖြစ်သည်။

တိုးမြှင့်ဖော်ပြထား

ယင်းကဲ့သို့ထုတ်ဝေရာတွင် အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြောင်းလဲထားပြီး ကလေးများ စာပေဗဟုသုတနှင့် အသိဉာဏ်တိုးပွားစေမည့် ပညာပေးဇာတ်လမ်း၊ ပုံပြင်၊ ကဗျာ၊ ဝတ္ထုများ၊ ရွှေသွေးတို့အတွက် အင်္ဂလိပ်စာအဘိဓာန်၊ အင်္ဂလိပ်စာလေ့လာမှု(သဒ္ဒါ၊စကားလုံးအသုံးအနှုန်း)၊ သိမှတ်ဖွယ်ရာ သုတအဖြာဖြာ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ ရွှေသွေးဉာဏ်စမ်း၊ ကာတွန်းပညာလေ့လာစရာ စသည်တို့အပြင် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ သိမှတ်ဖွယ်ရာများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ ဂျာနယ်မျက်နှာဖုံးကို စက္ကူဖြူချောဖြင့် အရောင်အသွေးစုံလင်စွာ ရိုက်နှိပ်ထားပြီး စာမျက်နှာကိုလည်း ၁၂ မျက်နှာမှ ၁၆မျက်နှာအထိ တိုးမြှင့် ဖော်ပြထားသည်။

ဆက်သွယ်

ရွှေသွေးဂျာနယ်၏ ဈေးနှုန်းကိုလည်း တစ်စောင်လျှင် ကျပ် ၁၂၀နှုန်းဖြင့် တိုးမြှင့်ရောင်းချမည်ဖြစ်ရာ စာပေဗိမာန် ရွှေသွေးကိုယ်စားလှယ်များအနေဖြင့် မိမိတို့ဖြန့်ချိလိုသည့် စောင်ရေကို ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာပေဗိမာန် အရောင်းဌာန အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁သို့ အချိန်မီဆက်သွယ်အကြောင်းကြားကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်သဘာဝဘေးကြိုတင် ကာကွယ်ရေး စီမံခန့်ခွဲမှု(ဆင့်ပွား)သင်တန်း (၁/၂၀၀၉) သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်က ကျင်းပရာ မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်စဉ်။ (၁၀၁)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံအတွက် ဆေးဝါးများနှင့် ဆေးပဒေသာပင် အလှူငွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပခုက္ကူခရိုင် ရေစကြိုမြို့နယ် စည်သာကျေးရွာအုပ်စုရှိ စိုက်ပျိုးမြေဧက ၅၀တွင် တောင်သူ ၄၁ ဦးတို့၏ မိုးနှောင်းငွေချည်(၆) ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိပြီး စည်သာ၊ မြေဖြူ၊ မင်းကန်၊ ငွေးချို၊ တောင်စဉ်နှင့် ဆင်ချောင်းကျေးရွာတို့မှ ဒေသခံတောင်သူများအား တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို မေးမြန်းမှာကြားသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် ပေကုန်းကျေးရွာအုပ်စု ပညင်းကျေးရွာရှိ မြေအောက်ရေတင် မိုးစပါး ဧက၁၅၀ စိုက်ပျိုးနေသည့် စိုက်ခင်းသို့ရောက်ရှိပြီး ပညင်း၊ ပေကုန်းနှင့် ကံသစ်ကျေးရွာတို့မှ ဒေသခံတောင်သူများအား တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ မိုးစပါးစိုက်ခင်းတွင် လယ်မြေဧက ၁၅၀အား တောင်သူ ၈၆ဦးတို့က မြေအောက်တွင်းတိမ် စက်ရေတွင်း ၂၅တွင်းမှ ရေကိုထုတ်ယူ၍ မိုးစပါး စိုက်ပျိုးလျက်ရှိသည်။ ရေစကြိုမြို့နယ်တွင် မြေအောက်ရေကို အသုံးပြုလျက် စိုက်ပျိုးထားသော စိုက်ဧက ၁၀၇၅၀ရှိပြီး ပခုက္ကူခရိုင်တစ်ခုလုံး၌ တွင်းနက်တွင်းတိမ် စက်ရေတွင်းပေါင်း ၃၀၀၀ကျော်တူးဖော်ပြီးဖြစ်ကြောင်း သိရှိရသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျားတက်စံပြကျေးရွာ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြရာ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့် ဦးဆောင်သော မျက်စိရောဂါနှင့် သွားနှင့်ခံတွင်းရောဂါ အထူးကုဆရာဝန်ကြီးများအဖွဲ့၏ ကွင်းဆင်းကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆေးဝါးကုသမှုခံယူကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလှူငွေများပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့မျက်မှန်များကို တပ်ဆင်ပေးကြပြီး ဆေးရုံအတွက် ဆေးဝါးများနှင့် ဆေးပဒေသာပင်အလှူငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး ကြိုဆိုနေကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား ဒေသအခြေအနေ၊ ပညာရေးအခြေအနေ၊ မိုးရွာသွန်းမှုနှင့် ရာသီသီးနှံစိုက်ပျိုးနေမှု အခြေအနေများကို ရင်းနှီးစွာမေးမြန်းဆွေးနွေးသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဝန်ကြီးချုပ်အား ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲမြို့နယ်၌ ၁၉၉၅-၉၆ ခုနှစ်တွင် မြောက်ယမား ရေလှောင်တမံ၌ ရေကူတမံတည်ဆောက်ပေးခဲ့မှုကြောင့် တိုးချဲ့ရေသောက်စနစ်များ တည်ဆောက်နိုင်မှုနှင့် တိုးချဲ့တူးမြောင်းသစ်တစ်ခု ထပ်မံတည်ဆောက်ပါက ဆည်ရေသောက် လယ်မြေဧကများ တိုးချဲ့နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ပညာရေးလိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာအုပ်စု ကုက္ကိုစုကျေးရွာအနီး လယ်မြေ၌ ကျင်းပသည့် မိုးစပါးစံပြဧက ၁၀၀ စုပေါင်း စိုက်ပျိုးပွဲသို့ရောက်ရှိရာ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပုလဲမြို့နယ်အတွင်းရှိ လယ်မြေများသို့ တောင်ယမားနှင့် မြောက်ယမားရေလှောင်တမံတို့မှ စိုက်ပျိုးရေ ပိုမိုရယူနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်မြေဩဇာ နမူနာများ၊ ဒေသတွင်း အသုံးပြုလျက်ရှိသော စပါးမျိုးနမူနာများ၊ ခေတ်မီနည်းစနစ်ဖြင့် စပါးမျိုးစေ့ဖောက်ခြင်းနှင့် စပါးပျိုးထောင်ထားရှိမှုများ၊ တမန်းလှေ၊ တစ်ဘီးတပ် လက်တွန်းထွန်စက်များကို ကြည့်ရှုလေ့လာသည်။ ဆက်လက်၍ စက်ယန္တရားအသုံးပြု၍ စပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာအုပ်စုရှိ ဧက၅၂၀ စံပြစပါးစိုက်ခင်းသို့ရောက်ရှိပြီး လည်ငေါက်၊ အင်း၊ ဆင်တဲ၊ ဗြဟ္မဒတ်နှင့် သရက်ကန်ကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယင်းမာပင်-မုံရွာလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ညနေပိုင်းတွင် မုံရွာမြို့သို့ရောက်ရှိကြသည်။

မီးသွေးတောင့်စက်ရုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီ ၄၅ မိနစ်တွင် မုံရွာမြို့ရှိ အောင်သိဒ္ဓိအဆင့်မြင့် မီးသွေးတောင့်စက်ရုံသို့ရောက်ရှိကြရာ စက်ရုံတာဝန်ခံ ဦးညွှန့်လွင်က စက်ရုံတည်ဆောက်ခဲ့မှုနှင့် ကုန်ထုတ်လုပ်မှုအခြေအနေ၊ စက်ရုံမှ ထုတ်လုပ်လျက်ရှိသည့် ကုန်ကြမ်းနှင့် ကုန်ချောနမူနာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်း အဆင့်မြင့်မီးသွေးတောင့် ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် အောင်ချမ်းသာ အဆင့်မြင့်မီးသွေးတောင့်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံတာဝန်ခံ ဦးနွယ်ဦးက စက်ရုံအတွင်းကုန်ထုတ်လုပ်မှုအခြေအနေကို လိုက်လံရှင်းလင်း ပြသသည်။

ရေရှားပါးသော ဒေသများဖြစ်၍ ရေအရင်းအမြစ်ကို တန်ဖိုးရှိရှိ ထိရော… သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု တစ်ခုနှင့်တစ်ခုယှဉ်ပြိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်…

ထုတ်လုပ်ဖြန့်ဖြူး

အဆိုပါ အဆင့်မြင့်မီးသွေးတောင့်စက်ရုံများသည် လွှစာမှုန့်ကုန်ကြမ်းကို အသုံးပြု၍ သာမန်မီးသွေးတောင့်ထက် လောင်ကျွမ်းချိန်ကြာမြင့်ပြီး အနံ့နှင့် မီးခိုးမထွက်၊ မီးမပေါက်သော အဆင့်မြင့်မီးသွေးတောင့်များကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မုံရွာမြို့ ပြည်ထောင်စုလမ်းနှင့် မုံရွာ-မန္တလေးလမ်းတို့မှတစ်ဆင့် မုံရွာမြို့နယ် မဟာဗောဓိတထောင် သာသနာ့နယ်မြေရှိ လေးကျွန်းစကြာ ရပ်တော်မူဘုရားကြီးသို့ ရောက်ရှိပြီး ဂန္ဓကုဋီတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်သည်။

လှည့်လည်ကြည်ညို

ထို့နောက် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကြည်ညိုပြီး မဟာဗောဓိတထောင်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာဗောဓိတထောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက မဟာဗောဓိတထောင် - ကျောက္ကာ - ရွှေမြင်တင်ဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ၂၀၀၇-၂၀၀၈ခုနှစ်မှ ၂၀၀၉-၂၀၁၀ခုနှစ်အထိ သုံးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်



အစီအစဉ်များ၊ မဟာဗောဓိတထောင် ရေလှောင်တမံတည်ဆောက်ပြီးစီးမှုနှင့် ရေပေးဝေနေမှုအခြေအနေ၊ ဆည်ရေဝေရေလဲပတ်ဝန်းကျင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းလုပ်ငန်းတွင် သစ်ပင်မျိုးစုံစိုက်ပျိုးထားရှိမှု၊ ကွန်တိုလိုင်းကျင်းများ တူးဖော်၍ သစ်ပင်များစိုက်ပျိုးထားရှိမှု၊ ရေလှောင်တမံမှရေကို ရေတင်အဆင့်နှစ်ဆင့်ဖြင့် ရေတင်လုပ်ငန်းဆောင်ရွက်ပေးနေမှု၊ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဂေါပကအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ မဟာဗောဓိတထောင်-ကျောက္ကာ-ရွှေမြင်တင်ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်တောအဖြစ် သတ်မှတ်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က သစ်တောများအား မီးဘေးအန္တရာယ်ကာကွယ်ရေး၊ လေးကျွန်းစကြာရပ်တော်မူဘုရားကြီး တည်ဆောက်ရေးလုပ်ငန်းမှတ်တမ်းစာအုပ်အား …ထားရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်… များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မုံ… မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် … ကျေးရွာရှိ တောင်သူဦးနီဂတိုး၏ယာမြေသုံးဧက၌ … နှင့် တောင်သူ အကျိုးတူပူးပေါင်းစိုက်ပျိုးထား… ရှည်ဝါစိုက်ခင်းနှင့် ချည်မျှင်ရှည်ဝါနှင့် ပဲစင်းငုံသီ… လယ်ကြီးကျေးရွာနှင့် နံ့တွင်းကျေးရွာတို့မှ ဒေသ… နီးနီးတွေ့ဆုံနှုတ်ဆက်ပြီး သိလိုသည်များကို …

ထို့နောက် ငွေချည် (၆)ချည်မျှင်ရှည်ဝါစိုက်ခ… ကြည့်ရှုစစ်ဆေးသည်။

အုန်းတောပင်မဓာတ်အား…

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် … ကျေးရွာအနီးရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌ… လုပ်ငန်း အုန်းတောပင်မဓာတ်အားခွဲရုံသို့ရောက်… စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်… ဘဲလင်း-အုန်းတော-ညောင်ပင်ကြီး ၂၃၀ …

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ယင်းမာပင်မြို့နယ် လည်ငေါက်ကျေးရွာအုပ်စုရှိ ဧက ၅၂၀ စံပြစပါးစိုက်ခင်းတွင် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

- စိုက်ပျိုးမြေများကို…
  သမားရိုးကျ တစ်သ…
  သုံးသီးရအောင် …
- ငွေချည်(၆)ချည်မျ…
  အမြတ်အစွန်းရရှိ…
  များက တိုးချဲ့စိုက်…
- မိမိတို့၏ ကြိုးစ…
  စားနိုင်သောက်နိုင်…
  လိုအပ်ချက်များအ…
  အထိ တက်လှမ်း။
- အညာဒေသ တော…
  ဘ၀ အဆင့်အတ…
  လာမှာဖြစ်။

...ရအရင်းအမြစ်ကို တန်ဖိုးရှိရှိ ထိရောက်စွာအသုံးချ ...ယှဉ်ပြိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်ကြိုးစား

တည်ဆောက်ရေးလုပ်ငန်းမှတ်တမ်းစာအုပ်အား စနစ်တကျပြုစုမှတ်တမ်းတင်ထားရေးနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မုံရွေး-ဗောဓိတထောင်လမ်းကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့နယ် လယ်ကြီးကျေးရွာရှိ တောင်သူဦးနီဂတိုး၏ယာမြေသုံးဧက၌ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းနှင့် တောင်သူ အကျိုးတူပူးပေါင်းစိုက်ပျိုးထားသည့် ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းနှင့် ချည်မျှင်ရှည်ဝါနှင့် ပဲစင်းငုံသီးညှပ်စိုက်ခင်းသို့ရောက်ရှိပြီး လယ်ကြီးကျေးရွာနှင့် နုံးတွင်းကျေးရွာတို့မှ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ငွေချည် (၆)ချည်မျှင်ရှည်ဝါစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အုန်းတောပင်မဓာတ်အားခွဲရုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့နယ် အုန်းတောကျေးရွာအနီးရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အုန်းတောပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ဘဲလင်း-အုန်းတော-ညောင်ပင်ကြီး ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မုံရွာမြို့ရှိ အောင်သိဒ္ဓိ အဆင့်မြင့် မီးသွေးတောင့်စက်ရုံတွင် အဆင့်မြင့် မီးသွေးတောင့်ထုတ်လုပ်မှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မုံရွာမြို့ အောင်ချမ်းသာ အဆင့်မြင့် မီးသွေးတောင့်စက်ရုံမှ လွှစာမှုန့် ကုန်ကြမ်းကို အသုံးပြု၍ သာမန်မီးသွေးတောင့်ထက် လောင်ကျွမ်းချိန် ကြာမြင့်ပြီး အနံ့နှင့် မီးခိုးမထွက်၊ မီးမပေါက်သော အဆင့်မြင့် မီးသွေးတောင့်များကို တွေ့ရစဉ်။

(သတင်းစဉ်)

တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး အုန်းတောပင်မဓာတ်အားခွဲရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သီရိမင်္ဂလာခုံးကျော်တံတား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်ကိုင်းမြို့ရှိ သီရိမင်္ဂလာခုံးကျော်တံတားတည်ဆောက်ပြီးစီးမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုပြီး ဧရာဝတီတံတား (ရတနာပုံ)သို့ရောက်ရှိရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က ဧရာဝတီတံတား (ရတနာပုံ) မန္တလေးဘက်ကမ်းအတက်လမ်း တိုးချဲ့ချဉ်းကပ်တံတားတည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေးတိုင်း ညောင်ဦးမြို့နယ်၊ မကွေးတိုင်း ရေစကြိုမြို့နယ်၊ စစ်ကိုင်းတိုင်း ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် စစ်ကိုင်းမြို့နယ်များမှ ဒေသခံတောင်သူများနှင့် ကျေးရွာများ၌ တွေ့ဆုံခဲ့ရာတွင် မိုးခေါင်ရေရှားအညာဒေသ၌ နိုင်ငံတော်က တည်ဆောက်ပေးထားသော ဆည်တမံများ၊ မြစ်ရေတင်စခန်းများနှင့် စက်ရေတွင်းများမှရရှိသော စိုက်ပျိုးရေကို စနစ်တကျ အကျိုးရှိရှိအသုံးချနိုင်ရန် အရေးကြီးကြောင်း၊ ရေရှားပါးသော ဒေသများဖြစ်၍ ရရှိသော ရေအရင်းအမြစ်ကို တန်ဖိုးရှိရှိ ထိရောက်စွာ အသုံးချတတ်ရန် လိုအပ်ကြောင်း။

တက်လှမ်းသွားနိုင်မှာ ဖြစ်ကြောင်း၊ သို့မှလည်း အညာဒေသ တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားသည်ထက် မြင့်မားလာမှာ ဖြစ်ကြောင်း။

စက်မှုလက်မှုကဏ္ဍ

ထို့ကြောင့် မြေသယံဇာတ၊ ရေသယံဇာတတို့ကို တန်ဖိုးမြင့်တင်အသုံးချနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ ယာမြေကို လယ်မြေအဖြစ် ပြောင်းလဲရေး၊ စပါးတစ်သီးစိုက်ပြီး အခြားဝင်ငွေကောင်းသော သီးနှံများကို သီးထပ်များအဖြစ် ရွေးချယ်စိုက်ပျိုးရေး၊ တစ်ဧကအထွက်နှုန်းကောင်းမွန်ရေး အခြေအနေပေးပါက ပေါင်းစည်းစိုက်ပျိုးရေးစနစ် ကျင့်သုံးအကောင်အထည်ဖော်ရေး၊ မြို့နယ်အလိုက် ဆန်ဖွပ်လုံမှုတိုးတက်မြင့်မားရေးတို့ကို အလေးဂရုပြု အကောင်အထည်ဖော်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှ အခြားစီးပွားရေးကဏ္ဍများ၊ အထူးသဖြင့် စက်မှုလက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း။

မြစ်ရေတင်စီမံကိန်းအလိုက် ကြိုးကြိုးစားစား စိုက်ပျိုးလုပ်ကိုင်နေမှုများကို မြင်တွေ့ရ၍ အားရကျေနပ်မိကြောင်း၊ မြစ်ရေတင်စီမံကိန်းအလိုက် ရေအသုံးချမှုနှင့် သီးနှံစိုက်ပျိုးဖြစ်ထွန်းမှုတို့ကို တစ်ခုနှင့်တစ်ခုအပြိုင် ယှဉ်ပြိုင်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင် ကြိုးစားစေလိုကြောင်း။

ဒေသခံပြည်သူများသည် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရင်း ရေမြေရာသီဥတုကောင်းမွန်ရေးအတွက် မိမိတို့ပတ်ဝန်းကျင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာအုပ်စု ကုက္ကိုစုကျေးရွာ၌ ကျင်းပသည့် မိုးစပါး စံပြဧက၁၀၀ စုပေါင်းစိုက်ပျိုးပွဲတွင် ပြသထားသည့် တစ်ဘီးတပ် လက်တွန်းထွန်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

- စိုက်ပျိုးမြေများကိုလည်း ထိရောက်စွာအသုံးချ၍ သမားရိုးကျ တစ်သီးစိုက်ပျိုးမှုမျိုးမဟုတ်ဘဲ နှစ်သီး၊ သုံးသီးရအောင် ကြိုးစားစိုက်ပျိုး၊
- ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် သေချာပေါက် အမြတ်အစွန်းရရှိနိုင်သည့် သီးနှံဖြစ်၍ တောင်သူများက တိုးချဲ့စိုက်ပျိုး၊
- မိမိတို့၏ ကြိုးစားအားထုတ်မှုအပေါ် မူတည်၍ စားနိုင်သောက်နိုင်ရုံအဆင့်မှ ကျော်လွန်ပြီး အခြားလိုအပ်ချက်များအတွက်ပါ သုံးစွဲနိုင်သည့်အဆင့်အထိ တက်လှမ်း၊
- အညာဒေသ တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားသည်ထက် မြင့်မားလာမှာဖြစ်။

တိုးချဲ့စိုက်ပျိုး

ထို့အတူ စိုက်ပျိုးမြေများကိုလည်း ထိရောက်စွာအသုံးချ၍ သမားရိုးကျ တစ်သီးစိုက်ပျိုးမှုမျိုးမဟုတ်ဘဲ နှစ်သီး၊ သုံးသီးရအောင် ကြိုးစားစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် သေချာပေါက် အမြတ်အစွန်း ရရှိနိုင်သည့် သီးနှံဖြစ်၍ တောင်သူများက တိုးချဲ့စိုက်ပျိုးရန်နှင့် တစ်ဧကအထွက်နှုန်းကိုလည်း စံချိန်မီထွက်ရှိရေး စနစ်တကျဆောင်ရွက်ရန်ဖြစ်ကြောင်း။

မိမိတို့၏ကြိုးစားအားထုတ်မှုအပေါ်မူတည်၍ စားနိုင်သောက်နိုင်ရုံအဆင့်မှ ကျော်လွန်ပြီး အခြားလိုအပ်ချက်များအတွက်ပါ သုံးစွဲနိုင်သည့်အဆင့်အထိ

စိမ်းလန်းစိုပြည်ရေးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးကြောင်း။

ဦးထမ်းပွဲထမ်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို ဖော်ဆောင်လုပ်ကိုင်ရာ၌ အစစအရာရာ နိုင်ငံတော်က တာဝန်ယူဆောင်ရွက်၍ မဖြစ်နိုင်ကြောင်း၊ ပြည်သူများအပိုင်းနှင့် တစ်ဦးချင်း တစ်ယောက်ချင်းအပိုင်းတို့က ဦးထမ်းပွဲထမ်း ဆောင်ရွက်ကြမှသာ အောင်မြင်တိုးတက်မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၄

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

__ဩဂုတ် ၂၅ ရက် ညနေအထိခန့်မှန်းချက်မှာ__ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ__ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်__ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

__မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်__ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၄

၂၀၀၉ ခုနှစ် တတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယအဆင့် ရှုံး/ထွက်ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ပျဉ်းမနား (ပေါင်းလောင်း) ကွင်း၌ ဆက်လက်ကျင်းပရာ (ဂဂ)အုပ်စု ပထမ အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းနှင့် (ကက)အုပ်စု ဒုတိယ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

__ယှဉ်ပြိုင်__

ဩဂုတ်၂၅ရက်(**ယနေ့**)တွင် (ဃဃ)အုပ်စု ပထမ အားကစားဝန်ကြီးဌာနအသင်းနှင့် (ခခ)အုပ်စု ဒုတိယ ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဩဂုတ် ၂၃ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပမည့် ဂျပန်နိုင်ငံ (တိုကျိုမြို့တော်)နှင့် အာရှနိုင်ငံ အရှေ့တောင်အာရှ မြို့တော်များမှ လူငယ် အားကစားသမားများ တွေ့ဆုံ ချစ်ကြည်ရင်းနှီးမှု အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်ဆွေ ဥက္ကဋ္ဌ (မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်)၊ ဦးဇော်ဘင်တင် (အုပ်ချုပ်/နည်းပြ)၊ လူငယ်ကြက်တောင်ရိုက် အားကစားသမားများဖြစ်ကြသည့် မောင်ရဲမင်းအောင်၊ မောင်အောင်ကြည်မင်း၊ မလွဲလွဲရီနှင့် မခင်ဂုဏ်ရည်လင်းတို့အား တွေ့ရစဉ်။ (ကြက်တောင်အဖွဲ့ချုပ်)

Premier Coffee သီချင်းဆိုပြိုင်ပွဲနှင့် ကိုရီးယားဂျင်စင်းအားဆေး အလှမယ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

Premier Coffee နှင့် Ginsetin (ကိုရီးယားဂျင်စင်းအားဆေး)တို့ ပူးပေါင်းစီစဉ်တင်ဆက်သော Premier Coffee သီချင်းဆိုပြိုင်ပွဲနှင့် Ginsetin(ကိုရီးယားဂျင်စင်းအားဆေး) အလှမယ်ပြိုင်ပွဲကို ဩဂုတ် ၂၂ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ ညနေ ၆နာရီမှ ၁၀နာရီအထိ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဆရာဝန်ကြီးများ၊ အရောင်းကိုယ်စားလှယ်ကြီးများ၊ Media များမှ အယ်ဒီတာများ၊ သတင်းထောက်များ၊ ဓာတ်ပုံဆရာများ၊ အနုပညာရှင်များ တက်ရောက် အားပေးကြသည်။

Premier Coffee သီချင်းဆိုပြိုင်ပွဲကို ဆန်ခါတင်ပြိုင်ပွဲဝင် ၁၈ဦးပါဝင်သီဆိုယှဉ်ပြိုင်ရာ ပထမဆုကို ဆုမှူမှူထွေး၊ ဒုတိယဆုကို ထွန်းမြင့်ဝင်း၊ တတိယဆုကို ခိုင်သဇင်တို့က ဆွတ်ခူးရရှိပြီး Gins etin အလှမယ်ပြိုင်ပွဲကို ဆန်ခါတင်ပြိုင်ပွဲဝင် ၁၂ဦး ပါဝင်အလှပြယှဉ်ပြိုင်ရာ ပထမဆုကို ဆုပြည့်စုံလွင်၊ ဒုတိယဆုကို ဆုလတ်နန္ဒာ၊ တတိယဆုကို အေးမြတ်သီဟန်တို့က ဆွတ်ခူးရရှိသွားကာ Premier Coffee ကြော်ငြာသီချင်းသီဆိုမှုအကောင်းဆုံးဆုကို ယွန်းပန်းအိမ်က ရရှိသွားသည်။ ဆုရရှိသွားကြသူများအား Premier Coffee နှင့် Ginsetin (ကိုရီးယားဂျင်စင်းအားဆေး) တို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ကြွရောက်လာကြသော ပရိသတ်များအား Premier Coffee နှင့် Ginsetin တို့မှ Premier Coffee နှင့် တည်ခင်းဧည့်ခံခြင်း၊ အားဆေး Sample များ ဝေငှခြင်း၊ ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူအားပေးကြသူများအား GSM (FEC 20 Simcard+Hand Set) ငါးလုံးနှင့် အခြားလက်ဆောင်ပစ္စည်းများ ပါဝင်သော ဗလာမပါ ကံစမ်းမဲများဖွင့်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၉ (အင်္ဂါနေ့)

__နံနက်ပိုင်း__

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်၊
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **နိဗ္ဗာန်ဝင်ဖို့ တောထွက်စို့** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညို ဆရာတော်)
- ၆း၅၀ စေတီတို့ရဲ့ နောင်တော် တွံတေး ရွှေဆံတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၈)
- ၈း၃၀ Sunday Talk
- ၉း၁၅ Sports World (Kingfisher East Bengal VS Okkthar United F.C)
- ၉း၄၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **"သားရှုပ် ရိုက်ကွင်း"**
- ၁၀း၁၀ MANA ၏ ငွေကြယ်ပွင့်များ
- ၁၀း၂၅ Cartoon Show Time (Horton Hears A Who!)
- ၁၁း၀၀ နံနက်ခင်းအလှ
- ၁၁း၁၀ စွမ်းအင်နှင့်သူတို့ (အပိုင်း-၂)
- ၁၁း၂၅ ဝါယာသာစည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ဇီးတောစံပြကျေးရွာ
- ၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Brand's ၄ ကြက်သိုက်ရည် မိုးရာသီ ကံစမ်းမဲအစီအစဉ်)
- ၁၂း၁၀ နည်းပညာသစ်ဆန်း MSP အစွမ်း
- ၁၂း၃၀ ရဲယိုနှင့် ကျန်းမာရေး
- ၁၂း၄၅ တေးဂီတအစီအစဉ်
- ၁း၀၀ **နိဗ္ဗာန်ဝင်ဖို့ တောထွက်စို့** တရားတော် အရှင်ဇာနေယျ (ရွှေမိုးညို ဆရာတော်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Emo Fashion)
- ၃း၃၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **"သားရှုပ် ရိုက်ကွင်း"**
- ၄း၀၀ သင်ကြားရေးလမ်းညွှန် (OESC Training Centre)
- ၄း၃၀ MANA ၏ ငွေကြယ်ပွင့်များ
- ၄း၄၅ အလှမျိုးစုံလင် တောင်လေ့ကား မြို့တော်တစ်ခွင်
- ၅း၁၀ လေ့လာစရာ ကွန်ပျူတာကမ္ဘာ (အဆင့်မြင့်ကွန်ပျူတာ တပ်ဆင်ခြင်း)
- ၅း၃၀ Celebrity Style (ဝေလျို)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၅ သင်ကြားရေးလမ်းညွှန် (OESC Training Centre)
- ၆း၅၅ Fashion Music Festival (Emo Fashion)
- ၇း၃၀ Cartoon Show Time (Horton Hears A Who!)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ လူပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ **"ဖိုးချစ်"** ဇာတ်သဘင် (အပိုင်း-၁)
- ၉း၀၀ Celebrity Style (ဝေလျို)
- ၉း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Brand's ၄ ကြက်သိုက်ရည် မိုးရာသီ ကံစမ်းမဲအစီအစဉ်)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်သင့်သူ** (အပိုင်း-၁၈)
- ၁၀း၀၀ ကမ္ဘာ့စုံလင် အားကစားအစီအစဉ်
- ၁၁း၄၅ မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့လျှင် သတိပြုလိုက်နာရမည့် အချက်များ (အပိုင်း-၁) (ပါမောက္ခ ဒေါက်တာနေဝင်း)
- ၁၂း၁၀ ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာရယူခြင်းလုပ်ငန်း
- ၁၂း၂၀ နံနက်ခင်းအလှ
- ၁၂း၃၀ တို့ကမ္ဘာမြေ သာယာဖို့ ကြွပ်ကြွပ်အိတ်ကို ငြင်းပယ်စို့
- ၁၂း၄၅ လေ့လာစရာ ကွန်ပျူတာကမ္ဘာ (အဆင့်မြင့် ကွန်ပျူတာ တပ်ဆင်ခြင်း)
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၆၈၀ ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉)လမ်းထောင့် Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "မြန်မာနိုင်ငံတွင် အယ်လ်နီညို၏ အကျိုးသက်ရောက်မှုများ ခံစားနေရပြီဖြစ်၊ အသံဇုန်အတွက် မြေကွက် ၁၀၀ ဖော်ထုတ်ထားဟုဆို၊ ထိုင်းနိုင်ငံလုပ် အသားချောင်း၊ အသားလုံး၊ အသားပြားများ ရောင်းချမှုကို FDA က စစ်ဆေးသွားမည်၊ လှည်းကူးမြို့နယ်ရှိ မြန်မာဝိုင်နှင့် အရက်ချက်စက်ရုံ မီးလောင်မှုတွင် လူသုံးဦး သေဆုံး၊ မြန်မာနိုင်ငံမှ ဟိုတယ် ၁၀လုံးအား အာဆီယံဂရင်းဟိုတယ်ဆုအတွက် ရွေးချယ်ပေးပို့ထား၊ ဘင်္ဂလားပင်လယ်အော်တွင် အင်အားပြင်းလျော့ကြီး လှုပ်ခဲ့သော်လည်း ဆူနာမီရေလှိုင်းကြီးများ မဖြစ်ခဲ့သည့် အကြောင်းရင်း၊ ဆာကူရာကားလေလံစင်တာတွင် ယာဉ်ရောင်းဝယ်ရာ၌ မှတ်ပုံတင်ကြေးစနစ်ကို ပယ်ဖျက်ပေးတော့မည်၊ ၂၁ ရာစု အချိန်အကြာဆုံး နေကြတ်မှု ဖြစ်စဉ်သည် မြန်မာ့ခရီးသွားလုပ်ငန်းများအတွက် အထူးအခွင့်အရေးဖြစ်မည်၊ ပုဂ္ဂလိကငွေချေးလုပ်ငန်းများတွင် ရွှေကို သုံးရာခိုင်နှုန်းသာ အတိုးယူရန် သက်ဆိုင်ရာက ခွင့်ပြုထား၊ ကားနှင့် အိမ်ခြံမြေ လေလံပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများ ဈေးနှုန်းတင်သွင်းရာတွင် အထူးသတိပြုရန်လိုအပ်၊ ကြွက်များကို ဖမ်းယူစားသောက်သော အပင်မျိုးစိတ်သစ်တစ်မျိုးတွေ့ရှိ၊ ကိုရီးယားနှစ်နိုင်ငံနယ်စပ် ပြန်ဖွင့်ပေးလိုက်ပြီ၊ သက်ဆင်ကို ထောက်ခံသူများက ထိုင်းဘုရင်ထံ အသနားခံစာတင်သွင်း၊ အင်္ဂလိပ်ရေလက်ကြားတွင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သည့် ရုရှားသင်္ဘောကို ပြန်တွေ့ပြီးနောက်...၊ ရုရှား၏ အကြီးဆုံးရေအားလျှပ်စစ်စက်ရုံကြီး ပေါက်ကွဲ၊ ကားခြောက်စီးကို ဆံပင်ဖြင့် ပေ ၁၆၀ကျော် ရွှေ့အောင်ဆွဲပြ၊ လူတွင်စမ်းသပ်ပြီး ထိရောက်မှုရှိသည့် ကမ္ဘာ့ပထမဆုံး A(H1N1)တုပ်ကွေး ကာကွယ်ဆေးထွက်ပေါ်၊ ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်း အကြွေးများကြောင့် ဒေဝါလီခံရတော့မည်၊ ကမ္ဘာ့ ပထမဆုံး လေစွမ်းအင်သုံးကားတီထွင်၊ တောင်ကိုရီးယားသမ္မတဟောင်း ကင်ဒေးဂျုံ၏ နိုင်ငံတော်စျာပန ကျင်းပပြီးစီး၊ လူသားစင်စစ်က စက်ရုပ်ဖြစ်၊ ငါးနှစ်ကြာ မရပ်မနား ပျံသန်းနေနိုင်သည့် နေရောင်ခြည်စွမ်းအင်သုံး သူလျှိုလေယာဉ်တီထွင်၊ လှိုင်းနှင့်အတူ ကားငါးစီး မျောပါလာပြီး ကမ်းခြေတွင် တင်နေ၊ အမြွှာညီအစ်ကို နှစ်ဦး ၅၁ နာရီခြား၍ ရာသီခွင်မတူဘဲ မွေးဖွားလာ၊ ကြိုးမဲ့ဓာတ်အားပေးစနစ်သစ် တီထွင်၊ အာဖဂန်သမ္မတ ရွေးကောက်ပွဲနောက်ဆုံးသတင်း၊ မယ်စကြဝဠာ ၂၀၀၉ သရဖူကို ဗင်နီဇွဲလားမယ် ရရှိ..." စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကြ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့်ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။ သာမန်တုပ်ကွေးရောဂါနှင့် ယခုကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ဘယ်လိုခွဲခြားသိနိုင်ပါသလဲ။

ဖြေ။ ။ သာမန်အားဖြင့် ရောဂါလက္ခဏာချင်း ဆင်တူပါသည်။ ရာသီတုပ်ကွေးရောဂါသည် ရာသီအလိုက် မကြာခဏ ဖြစ်ပေါ်နေသဖြင့် လူများတွင် ကိုယ်ခံစွမ်းအား အတိုင်းအတာတစ်ခုအထိရှိနေပြီး၊ ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှု ရှိသူများတွင် ဖြစ်ပွားပါက ပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ဖြစ်နိုင်ပါသည်။

သို့သော် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ပိုးအသစ်ဖြစ်သောကြောင့် မည်သူ့တွင်မှ ကိုယ်ခံစွမ်းအားမရှိပါ။ ထို့ကြောင့် ရောဂါလက္ခဏာ ပိုမိုပြင်းထန်ပြီး အသက်အရွယ်မရွေး လူအားလုံးတွင်ဖြစ်နိုင်ကာ ရာသီတုပ်ကွေးကဲ့သို့ကလေးများ၊ အသက်အရွယ်ကြီးရင့်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နာတာရှည်ရောဂါရှိသူနှင့် ခုခံအားကျဆင်းမှုရှိသူများတွင် အသက်ဆုံးရှုံးမှုများပြားနိုင်ပါသည်။ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့်သာ ရောဂါခွဲခြားသိရှိနိုင်ပါသည်။

မေး။ ။ တုပ်ကွေးရောဂါဖြစ်သူတိုင်း ဤရောဂါပိုးအား စစ်ဆေးရန် လိုအပ်ပါသလား။

ဖြေ။ ။ တုပ်ကွေးရောဂါဖြစ်လျှင် နီးစပ်ရာဆေးခန်း၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနသို့ ပြသရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်ပါက ဓာတ်ခွဲစမ်းသပ် စစ်ဆေးမှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၉)ကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဝန်ကြီးဦးသောင်းတက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၉)ကို ဩဂုတ် ၁၇ရက်က မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်တို့ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကား ပြောကြားသည်။

အဖွင့်အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးသည် မုံရွာမြို့ တိုင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၏ အပတ်စဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

ရင်းရင်းနှီးနှီး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့သည် အကြိုညီလာခံသို့ တက်ရောက်လာကြသော စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် တိုင်းမှူးသည် မုံရွာမြို့ ကျွဲရဲလမ်းဆုံ အဝိုင်းပတ်မြေယာရှင်းအလှ ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် အဝိုင်းပတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

စံ(၅)ချက်နှင့်ညီညွတ်သောစာကြည့်တိုက်ဖြစ်ရေး ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြန်/ဆက်ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်၁၂ရက် နံနက် ၁၀နာရီခွဲက (၂၈)ရပ်ကွက်ရှိ အလင်းနှစ်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်၌ကျင်းပသည်။

ဆွေးနွေးပွဲတွင်ရပ်ကွက်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းတင်လှိုင်နှင့် အဖွဲ့ဝင်ဦးအေးဝင်းတို့က စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူး ဒေါ်လှလှဌေးက စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာအုပ်စာစောင်နှင့်ပရိဘောဂတိုးပွားရေးနှင့် စာငှားကတ်စနစ်ကျင့်သုံးရေး၊ ရန်ပုံငွေထူထောင်ရေးတို့ကို ပြန်လည် ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

MNL Grand Royal 2009 အမှတ်ပေးပြိုင်ပွဲ ပရိသတ်များ ပိုမိုစိတ်ဝင်စားလာစေရန် ပွဲစဉ်ဇယားများအား အသစ်ပြန်လည်ရေးဆွဲ

သတင်းမှတ်စု - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - သန်းဝင်း (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၄

လာမည့် စက်တင်ဘာ ၅ရက်တွင် စတင်ကျင်းပမည့် **MNL Grand Royal 2009** အမှတ်ပေးပြိုင်ပွဲကို ပိုမိုအကြိတ်အနယ်ရှိလာစေရန်၊ ပရိသတ်များ ပိုမိုစိတ်ဝင်စားလာစေရန်နှင့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပိုမိုပြင်ဆင်မှုရရန်အတွက် ပွဲစဉ်ဇယားများ အသစ်ပြန်လည်ရေးဆွဲလိုက်သည်။

MNL အမှတ်ပေးပြိုင်ပွဲ (ပထမအကျော့ ပွဲစဉ်ဇယား)

စဉ်	ရက်	အသင်း	အချိန်	နေရာ
		ပွဲစဉ်-၁		
၁	၆-၉-၂၀၀၉(တနင်္ဂနွေ)	ဒဲလ်တာယူနိုက်တက် Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၂	၇-၉-၂၀၀၉(တနင်္လာ)	ဥဿာယူနိုက်တက် Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
၃	၅-၉-၂၀၀၉(စနေ)	ကမ္ဘောဇ Vs ရတနာပုံ	၄း၀၀	ဗထူးကွင်း
၄	၆-၉-၂၀၀၉(တနင်္ဂနွေ)	မကွေး Vs ဇေယျာရွှေမြေ	၄း၀၀	ဗထူးကွင်း
		ပွဲစဉ်-၂		
၅	၉-၉-၂၀၀၉(ဗုဒ္ဓဟူး)	ဒဲလ်တာယူနိုက်တက် Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
၆	၁၀-၉-၂၀၀၉(ကြာသပတေး)	ရန်ကုန်ယူနိုက်တက် Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၇	၉-၉-၂၀၀၉(ဗုဒ္ဓဟူး)	မကွေး Vs ကမ္ဘောဇ	၄း၀၀	ဗထူးကွင်း
၈	၁၀-၉-၂၀၀၉(ကြာသပတေး)	ရတနာပုံ Vs ဇေယျာရွှေမြေ	၄း၀၀	ဗထူးကွင်း
		ပွဲစဉ်-၃		
၉	၁၂-၉-၂၀၀၉(စနေ)	ဒဲလ်တာယူနိုက်တက် Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၁၀	၁၃-၉-၂၀၀၉(တနင်္ဂနွေ)	ဆောက်သမ်းမြန်မာ Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၁၁	၁၂-၉-၂၀၀၉(စနေ)	မကွေး Vs ရတနာပုံ	၄း၀၀	ဗထူးကွင်း
၁၂	၁၃-၉-၂၀၀၉(တနင်္ဂနွေ)	ကမ္ဘောဇ Vs ဇေယျာရွှေမြေ	၄း၀၀	ဗထူးကွင်း
		ပွဲစဉ်-၄		
၁၃	၁၇-၉-၂၀၀၉(ဗုဒ္ဓဟူး)	ဒဲလ်တာယူနိုက်တက် Vs ဇေယျာရွှေမြေ	၄း၀၀	သုဝဏ္ဏကွင်း
၁၄	၁၈-၉-၂၀၀၉(ကြာသပတေး)	ဥဿာယူနိုက်တက် Vs ရတနာပုံ	၄း၀၀	ဗထူးကွင်း
၁၅	၁၉-၉-၂၀၀၉(စနေ)	ကမ္ဘောဇ Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
၁၆	၂၀-၉-၂၀၀၉(တနင်္ဂနွေ)	မကွေး Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၅		
၁၇	၂၃-၉-၂၀၀၉(ဗုဒ္ဓဟူး)	ရတနာပုံ Vs ဒဲလ်တာယူနိုက်တက်	၄း၀၀	ဗထူးကွင်း
၁၈	၂၄-၉-၂၀၀၉(ကြာသပတေး)	ဆောက်သမ်းမြန်မာ Vs ဇေယျာရွှေမြေ	၄း၀၀	သုဝဏ္ဏကွင်း
၁၉	၂၆-၉-၂၀၀၉(စနေ)	ကမ္ဘောဇ Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၂၀	၂၇-၉-၂၀၀၉(တနင်္ဂနွေ)	ဥဿာယူနိုက်တက် Vs မကွေး	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၆		
၂၁	၃၀-၉-၂၀၀၉(ဗုဒ္ဓဟူး)	ဒဲလ်တာယူနိုက်တက် Vs ကမ္ဘောဇ	၄း၀၀	သုဝဏ္ဏကွင်း
၂၂	၁-၁၀-၂၀၀၉(ကြာသပတေး)	ရန်ကုန်ယူနိုက်တက် Vs ရတနာပုံ	၄း၀၀	ဗထူးကွင်း
၂၃	၃-၁၀-၂၀၀၉(စနေ)	မကွေး Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
၂၄	၄-၁၀-၂၀၀၉(တနင်္ဂနွေ)	ဇေယျာရွှေမြေ Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၇		
၂၅	၇-၁၀-၂၀၀၉(ဗုဒ္ဓဟူး)	ရန်ကုန်ယူနိုက်တက် Vs ဇေယျာရွှေမြေ	၄း၀၀	သုဝဏ္ဏကွင်း
၂၆	၈-၁၀-၂၀၀၉(ကြာသပတေး)	ဆောက်သမ်းမြန်မာ Vs ရတနာပုံ	၄း၀၀	ဗထူးကွင်း
၂၇	၁၀-၁၀-၂၀၀၉(စနေ)	ကမ္ဘောဇ Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၂၈	၁၁-၁၀-၂၀၀၉(တနင်္ဂနွေ)	မကွေး Vs ဒဲလ်တာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း

ကျင်းပမည်

ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမအကျော့ပွဲစဉ်များကို စက်တင်ဘာ ၅ရက်မှ အောက်တိုဘာ ၁၁ရက်အထိ၊ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၂၁ရက်မှ ၂၀၁၀ပြည့်နှစ် ဇန်နဝါရီ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ကျင်းပသွားမည်ဖြစ်ပြီး ဗထူးကွင်းတွင် မန္တလေးတိုင်းကိုယ်စားပြုရတနာပုံ၏ ပထမအကျော့ပွဲစဉ်အားလုံးနှင့် အထက်မြန်မာပြည် ကိုယ်စားပြုအသင်း အချင်းချင်းတွေ့ဆုံသည့်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို သုဝဏ္ဏကွင်း၌သာ တစ်ရက်လျှင် တစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များအပြီးတွင် မြန်မာ့လက်ရွေးစင် အသင်း၏ နိုင်ငံတကာခြေစမ်းပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကျော့ကျင်းပနေသည့်ကာလတွင်လည်း (၂၅)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် နိုဝင်ဘာ ၉ရက်မှ ဒီဇင်ဘာ ၂၂ရက်အထိ ရပ်နားထားမည်ဖြစ်သည်။

သတ်မှတ်

ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ နှစ်နေရာစလုံးတွင် ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့၌ စက်တင်ဘာ ၅ရက်၊ ရန်ကုန်မြို့၌ စက်တင်ဘာ ၆ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ဝင်ကြေးအဖြစ် အထူးတန်းကျပ်နှစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာ သတ်မှတ်ထားသည်။ ။

(မြန်မာ့အလင်း)

(ဒုတိယအကျော့ပွဲစဉ်ဇယား)

စဉ်	ရက်	အသင်း	အချိန်	နေရာ
		ပွဲစဉ်-၈		
၂၉	၂၁-၁၀-၂၀၀၉(ဗုဒ္ဓဟူး)	ဒဲလ်တာယူနိုက်တက် Vs ဇေယျာရွှေမြေ	၄း၀၀	သုဝဏ္ဏကွင်း
၃၀	၂၂-၁၀-၂၀၀၉(ကြာသပတေး)	ဥဿာယူနိုက်တက် Vs ရတနာပုံ	၄း၀၀	သုဝဏ္ဏကွင်း
၃၁	၂၄-၁၀-၂၀၀၉(စနေ)	ဆောက်သမ်းမြန်မာ Vs ကမ္ဘောဇ	၄း၀၀	သုဝဏ္ဏကွင်း
၃၂	၂၅-၁၀-၂၀၀၉(တနင်္ဂနွေ)	ရန်ကုန်ယူနိုက်တက် Vs မကွေး	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၉		
၃၃	၂၈-၁၀-၂၀၀၉(ဗုဒ္ဓဟူး)	ဇေယျာရွှေမြေ Vs ကမ္ဘောဇ	၄း၀၀	သုဝဏ္ဏကွင်း
၃၄	၂၉-၁၀-၂၀၀၉(ကြာသပတေး)	ဆောက်သမ်းမြန်မာ Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၃၅	၃၁-၁၀-၂၀၀၉(စနေ)	ဒဲလ်တာယူနိုက်တက် Vs ရတနာပုံ	၄း၀၀	သုဝဏ္ဏကွင်း
၃၆	၁-၁၁-၂၀၀၉(တနင်္ဂနွေ)	ဥဿာယူနိုက်တက် Vs မကွေး	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၁၀		
၃၇	၄-၁၁-၂၀၀၉(ဗုဒ္ဓဟူး)	ရတနာပုံ Vs မကွေး	၄း၀၀	သုဝဏ္ဏကွင်း
၃၈	၅-၁၁-၂၀၀၉(ကြာသပတေး)	ဥဿာယူနိုက်တက် Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
၃၉	၇-၁၁-၂၀၀၉(စနေ)	ဒဲလ်တာယူနိုက်တက် Vs ကမ္ဘောဇ	၄း၀၀	သုဝဏ္ဏကွင်း
၄၀	၈-၁၁-၂၀၀၉(တနင်္ဂနွေ)	ဇေယျာရွှေမြေ Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း

SEA GAME

စဉ်	ရက်	အသင်း	အချိန်	နေရာ
		ပွဲစဉ်-၁၁		
၄၁	၂၃-၁၂-၂၀၀၉(ဗုဒ္ဓဟူး)	ဒဲလ်တာယူနိုက်တက် Vs မကွေး	၄း၀၀	သုဝဏ္ဏကွင်း
၄၂	၂၄-၁၂-၂၀၀၉(ကြာသပတေး)	ကမ္ဘောဇ Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၄၃	၂၆-၁၂-၂၀၀၉(စနေ)	ရတနာပုံ Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
၄၄	၂၇-၁၂-၂၀၀၉(တနင်္ဂနွေ)	ဇေယျာရွှေမြေ Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၁၂		
၄၅	၃၀-၁၂-၂၀၀၉(ဗုဒ္ဓဟူး)	ကမ္ဘောဇ Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၄၆	၃၁-၁၂-၂၀၀၉(ကြာသပတေး)	ရတနာပုံ Vs ဇေယျာရွှေမြေ	၄း၀၀	သုဝဏ္ဏကွင်း
၄၇	၂-၁-၂၀၁၀(စနေ)	ဒဲလ်တာယူနိုက်တက် Vs ရန်ကုန်ယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၄၈	၃-၁-၂၀၁၀(တနင်္ဂနွေ)	မကွေး Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၁၃		
၄၉	၆-၁-၂၀၁၀(ဗုဒ္ဓဟူး)	ဒဲလ်တာယူနိုက်တက် Vs ဆောက်သမ်းမြန်မာ	၄း၀၀	သုဝဏ္ဏကွင်း
၅၀	၇-၁-၂၀၁၀(ကြာသပတေး)	ရန်ကုန်ယူနိုက်တက် Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၅၁	၉-၁-၂၀၁၀(စနေ)	မကွေး Vs ဇေယျာရွှေမြေ	၄း၀၀	သုဝဏ္ဏကွင်း
၅၂	၁၀-၁-၂၀၁၀(တနင်္ဂနွေ)	ကမ္ဘောဇ Vs ရတနာပုံ	၄း၀၀	သုဝဏ္ဏကွင်း
		ပွဲစဉ်-၁၄		
၅၃	၁၃-၁-၂၀၁၀(ဗုဒ္ဓဟူး)	ဆောက်သမ်းမြန်မာ Vs ဇေယျာရွှေမြေ	၄း၀၀	သုဝဏ္ဏကွင်း
၅၄	၁၄-၁-၂၀၁၀(ကြာသပတေး)	ဒဲလ်တာယူနိုက်တက် Vs ဥဿာယူနိုက်တက်	၄း၀၀	သုဝဏ္ဏကွင်း
၅၅	၁၆-၁-၂၀၁၀(စနေ)	မကွေး Vs ကမ္ဘောဇ	၄း၀၀	သုဝဏ္ဏကွင်း
၅၆	၁၇-၁-၂၀၁၀(တနင်္ဂနွေ)	ရန်ကုန်ယူနိုက်တက် Vs ရတနာပုံ	၄း၀၀	သုဝဏ္ဏကွင်း

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်းအတိုအထွာ

အာကာဟိန်း စုစည်းဖော်ပြသည်

ကမ္ဘာ့ဘော်လီဘောပြိုင်ပွဲ ရုရှားအနိုင်ရရှိ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဩဂုတ် ၂၄ရက်က ကျင်းပသော ကမ္ဘာ့အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ နောက်ဆုံးပတ်လည်ပြိုင်ပွဲတွင် ရုရှားက နယ်သာလန်ကို ၂၅-၂၀၊ ၂၅-၂၃၊ ၂၅-၂၁ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရရှိပြီး ဂျာမနီက တရုတ်အမျိုးသမီး ဘော်လီဘောအသင်းကို ၂၅-၁၄၊ ၂၅-၁၅၊ ၂၅-၂၁ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရုရှားကွင်းလယ်ကစားသမား ဒီနော့ဗ်အား ပေါင် ၁၀သန်းဖြင့် အဲဗာတန်ခေါ်ယူမည်

ရုရှားကွင်းလယ်ကစားသမား ဘီလ်ယာလက်ဒီနော့ဗ်အား အဲဗာတန်က ပြောင်းရွှေ့ကြေးပေါင် ၁၀သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က ဩဂုတ် ၂၄ရက်တွင် ပြောကြားသည်။

ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးလက်ဆင့်ကမ်းပြိုင်ပွဲ၌ ဂျမေကာဗိုလ်စွဲ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကို ဩဂုတ် ၂၄ရက်က ဆက်လက်ကျင်းပရာ အမျိုးသမီး မီတာ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၌ ဂျမေကာအမျိုးသမီး အပြေးမယ်များကဗိုလ်စွဲခဲ့သည်။

ဘာရာဇီးနောက်ခံလူဆာဗင်ဟိုအား မန်စီးတီးအသင်းခေါ်ယူမည်

ဘာစီလိုနာမှ ဘာရာဇီးနောက်တန်းခံစစ်မှူး ဆာဗင်ဟိုအား အလွတ်ပြောင်းရွှေ့ကြေးဖြင့် မန်စီးတီးအသင်းက ခေါ်ယူမည်ဖြစ်ကြောင်း ဩဂုတ် ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာစက်ဘီးစီးပြိုင်ပွဲ ဒေါင်းနင်းဗိုလ်စွဲ

အိုင်ယာလန်နိုင်ငံ ကော့စီးတီးမြို့၌ ဩဂုတ် ၂၄ရက်က ကျင်းပသော နိုင်ငံတကာ စက်ဘီးစီးပြိုင်ပွဲတွင် ဗြိတိသျှစက်ဘီးစီးသမားဒေါင်းနင်းက ဗိုလ်စွဲခဲ့သည်။

ဘော်ဒိုးတိုက်စစ်မှူးချာလ်မက်အား ဝက်စ်ဟမ်းခေါ်ယူမည်

ဝက်စ်ဟမ်းအသင်းသည် ဘော်ဒိုးတိုက်စစ်မှူး ချာလ်မက်အား ပြောင်းရွှေ့ကြေး ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ဝက်စ်ဟမ်းကလပ်က ဩဂုတ် ၂၄ရက်တွင် သတင်းထုတ်ပြန်သည်။

ပရီမီယာလိဂ်ဖလားအရယူမည်ဟု ဒရော့ဘာဆို

ယခုနှစ်ဘောလုံးရာသီ၌ မိမိတို့အသင်း ပရီမီယာလိဂ်ဖလားရယူရေးအတွက် ခိုင်မာသောယုံကြည်မှု ရှိနေပြီဖြစ်ကြောင်း၊ ဖလားအရယူမည်ဟုဆုံးဖြတ်ထားကြောင်း ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာက ဩဂုတ် ၂၄ရက်တွင် ပြောကြားသည်။

ယူအီးအက်ဖ်အေဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲစတင်

ယူအီးအက်ဖ်အေဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဖင်လန်နိုင်ငံ၌ ဩဂုတ် ၂၃ရက်က စတင်ကျင်းပရာ နယ်သာလန်အသင်းက ယူကရိန်းအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

ဒီခြေစွမ်းအတိုင်းဆက်ထိန်းသွားမယ် နောက်ထပ်သုံးမှတ်တော့ရခဲ့ပြန်ပြီ

အန်ဆယ်လော့တီ | ကွိုင်လီ

မောင်မောင်မြင့်ဆွေ စုစည်းရေးသားသည် ❖ စာမျက်နှာဖွဲ့စည်းမှု - ဇင်မင်းသန့်

လန်ဒန် ဩဂုတ် ၂၄

ပရီမီယာလိဂ်ပွဲစဉ်(၃) လက်ကျန်ပွဲတွေကို ဩဂုတ် ၂၃ရက်က ယှဉ်ပြိုင်ခဲ့ကြတဲ့အခါ ချယ်လ်ဆီး၊ စပါးနဲ့ ဘန်လေအသင်းတို့ နိုင်ပွဲတွေရရှိခဲ့ကြပါတယ်။ ရာသီအစ ပွဲစဉ်တွေမှာ ဆက်တိုက်နိုင်ပွဲတွေရရှိခဲ့လို့ ဒီနှစ် ပရီမီယာလိဂ်ဟာ မနှစ်ကထက် အကြိတ်အနယ်ရှိလာမှာ သေချာနေတာမို့ ဒီပွဲစဉ်တွေအပြီးမှာ နည်းပြအချို့ရဲ့ ပြောစကားတွေကို ဖော်ပြရပါရင်-

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ

''ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေ စုစုစည်းစည်းနဲ့ အတွဲညီညီ ကစားနိုင်ခဲ့

ကြတယ်။ ဘောလုံးသမားတွေဟာ တစ်ဦးနဲ့တစ်ဦး ကျွမ်းကျင်ထက်မြက်မှု အရည်အသွေးမတူညီကြပါဘူး။ အနယ်လ်ကာဟာ ဂိုးသွင်းလျင်မြန်တဲ့ တိုက်စစ်မှူးဖြစ်သလို ဒရော့ဘာကလည်း ကြံ့ခိုင်မှုကောင်းပြီး အဆုံးသတ်ဂိုးသွင်းမှုသေချာတဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ဒီပွဲမှာ သူတို့တွေ သွင်းယူသွားတဲ့ ဂိုးတွေကလည်း ကောင်းတယ်။ ဒီလိုခြေစွမ်းအတိုင်း ထိန်းသွားရင် ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်တွေ ပြည့်ဝနိုင်မှာပါ''လို့ အန်ဆယ်လော့တီက ပြောကြားခဲ့ပါတယ်။ ချယ်လ်ဆီးဟာ ဖူလ်ဟမ်ကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ပြီး သုံးပွဲကစား သုံးပွဲနိုင်ရလဒ်တွေ ရရှိထားပါတယ်။ ချယ်လ်ဆီးကို နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တဲ့ ဖူလ်ဟမ်နည်းပြ ဟိုဂ့်ဆန်ကလည်း-

ဖူလ်ဟမ်နည်းပြ ဟိုဂ့်ဆန်

''ချယ်လ်ဆီးတို့ ကစားသွားတာကောင်းပါတယ်။ သူတို့က အချိတ်အဆက်မိမိ ကစားသွားတာမို့ ကျွန်တော်တို့ ချေပဂိုးရဖို့တောင် ခက်ခဲသွားတယ်။ ဒီနှစ်ဘောလုံးရာသီမှာ အခြေအနေကောင်းဖို့အတွက် ကစားသမားအသစ် ဖြည့်ဆည်းရဦးမှာပါ။ လက်ရှိအနေအထားကတော့

အားရစရာမရှိသေးတဲ့ ခြေစွမ်းပါပဲ။ ပြီးခဲ့တဲ့နှစ်က ခြေစွမ်းမျိုးတောင် မရသေးတာမို့ ကြိုးစားရဦးမှာပါ''လို့ ဖူလ်ဟမ်နည်းပြဟို့ဆန်က ပြောကြားသွားပါတယ်။

ဘန်လေနည်း ပြကွိုင်လီ

လူသစ်တန်း ဘန်လေဟာ နှစ်ပွဲဆက်တိုက် အနိုင်ရယူထားခဲ့ပြီမို့ ပရီမီ

ယာလိဂ်တာအထွက်မှာ အခြေအနေကောင်းနေပါတယ်။ အဲဗာတန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူပြီးနောက်မှာ ဘန်လေနည်းပြကွိုင်လီက ''နောက်ထပ် သုံးမှတ်တော့ရရှိခဲ့ပါပြီ၊ ပွဲတိုင်းရလဒ်ကောင်းအောင် ဂရုစိုက်ကစားရတော့မှာမို့ ပြိုင်ဘက်တိုင်းကို အလေးထားပြီး ယှဉ်ပြိုင်ရမှာပါ။ ဒီသီတင်းပတ်ဟာ တကယ့်ကို အကျပ်အတည်းဖြစ်စေတဲ့ ကာလပါပဲ။ ဒါပေမယ့် ကျွန်တော်တို့ အောင်မြင်အောင် ဖြတ်သန်းနိုင်ခဲ့တာမို့ ကျေနပ်စရာပါ။ နောက်သီတင်းပတ်တွေမှာလည်း လက်ရှိခြေစွမ်းအတိုင်းဆက်ထိန်းထားရမယ်။ ဒါပေမယ့် ဒီပွဲအနိုင်ရခဲ့တာဟာ အဲဗာတန်တို့ ပယ်နယ်တီမဝင်ခဲ့တာလဲ ပါဝင်ပါတယ်''ဟု ပြောကြားသည်။

အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်

''ဘန်လေအသင်းဟာ အိမ်ကွင်းမှာကစားတဲ့ ခြေကကောင်းတာမို့ ချေပဂိုးမသွင်းနိုင်အောင် ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပယ်နယ်တီရတာကို ဂိုးမရရှိတာတော့ နစ်နာမှုတစ်ရပ်ပါပဲ၊ ဒီပွဲဟာ အနိမ့်ဆုံး သရေတော့ ဖြစ်သင့်တဲ့ပွဲပါ။ ကျွန်တော်တို့အတွက်တော့ အဖိုး

တန်အမှတ်တွေ ဆုံးရှုံးခဲ့ရတဲ့ပွဲလို့ဆိုရတော့မှာပါပဲ''လို့ အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်က ပြောကြားသွားပါကြောင်း။ ။

(အင်တာနက်)

ဒီယာဘိုင်နှင့် ဗီယာရာ ခြေစွမ်းချင်းတူညီ

လန်ဒန် ဩဂုတ် ၂၄

အာဆင်နယ်အသင်းတွင် ခြေစွမ်းပြကစားလာသော ကွင်းလယ်ကစားသမား အဘူဒီယာဘိုင်သည် အသင်းခေါင်းဆောင်ဟောင်း ပက်ထရစ်ဗီယာရာကဲ့သို့ ခြေစွမ်းရှိသူဖြစ်ကြောင်း နည်းပြဝင်းဂါးက ပို့စ်မောက်နှင့် ကစားသည့်ပွဲအပြီး ချီးကျူးစကားဆိုလိုက်သည်။

အားထားရ

ဒီယာဘိုင်သည် ခံစစ်မှတိုက်စစ်သို့ လျင်မြန်စွာကစားနိုင်သူဖြစ်ကြောင်း၊ ဗီယာရာထက် ခံစစ်ကစားရာတွင် ပိုကောင်းကြောင်း ဖြင့်လည်း ဝင်းဂါးက ချီးကျူးလိုက်သည်။ အသက်၂၃နှစ်ရှိ ဒီယာဘိုင်သည် ၂၀၀၆ခုနှစ် ဇန်နဝါရီက ပြင်သစ်ကလပ် အော်ဇေးမှ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ယခုအခါ အာဆင်နယ်အသင်းအတွက် အားထားရသော ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်နေသည်။

(အင်တာနက်)

တိုက်စစ်မှူးရွန်နေအား ဖာဂူဆန်ချီးကျူး

လန်ဒန် ဩဂုတ် ၂၄

တိုက်စစ်မှူးရွန်နေသည် မန်ယူ၏တိုက်စစ်တွင် အဓိကစွမ်းဆောင်သူဖြစ်လာကြောင်း၊ ဝီဂန်နှင့် ကစားသည့်ပွဲတွင် မန်ယူကစားသမားများ၏ခြေစွမ်းမှာ အံ့သြစရာ ကောင်းကြောင်း နည်းပြဖာဂူဆန်က ပြောကြားသည်။

ချီးကျူးပြောကြား

ရွန်နေသည် ယင်းပွဲတွင် မန်ယူအတွက် ဂိုး ၁၀၀မြောက်နှင့် ၁၀၁ဂိုး မြောက်ဂိုးတို့ကို သွင်းယူပေးခဲ့သည်။ လက်ရှိအနေအထားအတိုင်း ရွန်နေခြေစွမ်းပြသွားနိုင်ပါက ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဖြစ်လာနိုင်ကြောင်း ဖာဂူဆန်က ချီးကျူးပြောကြားသည်။ ရွန်နေသည် ၂၀၀၄ခုနှစ်က အဲဗာတန်မှ မန်ယူသို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။ (အင်တာနက်)

အီသီယိုးပီးယား အပြေးသမား မီတာ ၁၀၀၀၀ ပြိုင်ပွဲ အနိုင်ရဗိုလ်စွဲ

ဘာလင် ဩဂုတ် ၂၄

အီသီယိုးပီးယား အပြေးသမား ဘီကေးလီသည် ဘာလင်မြို့၌ ယှဉ်ပြိုင်ကစားခဲ့သော ကမ္ဘာ့ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် မီတာ၅၀၀၀နှင့် မီတာ ၁၀၀၀၀ပြိုင်ပွဲများ၌ အနိုင်ရဗိုလ်စွဲခဲ့သည်။

ပထမဆုံးဖြစ်

မီတာ ၅၀၀၀နှင့် မီတာ ၁၀၀၀၀ ပြိုင်ပွဲနှစ်မျိုးစလုံးကို တစ်ဦးတည်း ဆွတ်ခူးနိုင်သည့် အားကစားသမားသမိုင်းတွင် ဘီကေးလီသည် ပထမဆုံးဖြစ်သည်။ ဘီကေးလီသည် မီတာ ၁၀၀၀၀ပြိုင်ပွဲ၌ အမေရိကန်မှ လက်ရှိချန်ပီယံ ဘားနက်လာဂတ်ကို ကျော်ဖြတ်အနိုင်ယူခဲ့သည်။

ဂုဏ်ယူ

ယခုကဲ့သို့ ရွှေတံဆိပ်ဆုများဆွတ်ခူးနိုင်ခဲ့ခြင်းအတွက် မိမိအတွက်ရော မိမိနိုင်ငံအတွက်ပါ ဂုဏ်ယူမိကြောင်း ဘီကေးလီက ပြောကြားသည်။

(အင်တာနက်)

လက်စ်ကော့အား ခေါ်ယူရေး မန်စီးတီးဆွေးနွေးနေ

လန်ဒန် ဩဂုတ် ၂၄

အဲဗာတန်ကစားသမားလက်စ်ကော့အား ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်ကြောင်း မန်စီးတီးနည်းပြ မာ့ဟုချ်က ပြောကြားသည်။

ငြင်းဆိုခဲ့

မန်စီးတီးက လက်စ်ကော့အား ခေါ်ယူရန် နှစ်ကြိမ်တိုင် ကြိုးစားခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်တွင် ပေါင် ၁၅သန်း၊ ဒုတိယအကြိမ်မှာ ၁၈သန်းဖြင့် ခေါ်ယူရန် မန်စီးတီးက ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ၎င်းအားရောင်းရန် မဟုတ်ဟု အဲဗာတန်က ငြင်းဆိုခဲ့သည်။ လက်စ်ကော့သည် ယခုနှစ်ပရီမီယာလိဂ်

ရာသီတွင် အဲဗာတန်အသင်းအတွက် အဓိကကစားသမားဖြစ်လာသည်။ (အင်တာနက်)

တရုတ်အပြေးမယ် ဇူဘိုင်း မာရသွန်ပြိုင်ပွဲ ဗိုလ်စွဲ



ဘာလင် ဩဂုတ် ၂၄

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ပြေးခုန်ပစ် အားကစားပြိုင်ပွဲတွင် တရုတ်အပြေးမယ် ဇူဘိုင်းက အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် စံချိန် ၂နာရီ ၂၅မိနစ် ၁၄စက္ကန့်ဖြင့် ဗိုလ်စွဲနိုင်ခဲ့သည်။

ဆွတ်ခူး

အဆိုပါ အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် ဂျပန်အပြေးမယ် ယိုရှိမီအိုဇာကီဇာက ဒုတိယဆုဆွတ်ခူးပြီး အီသီယိုးပီးယားနိုင်ငံသူ မာဂျီယာက တတိယကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

(အင်တာနက်)

မြင့်မောင်စိုး စုစည်းသည်

25-8 (12).pmd 1 8/25/2009, 2:45 AM

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးနိုင်ဝင်း မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ထားရှိမှုကို ဇူလိုင်၂၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

ငါးသားပေါက်ထည့်သွင်းခြင်း နေပြည်တော်၌ ဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၀

နေပြည်တော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနတို့ပူးပေါင်း၍ မြို့ပေါ်ရှိ ရပ်ကွက်များအတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးနှင့် ငါး သယံဇာတ ထိန်းသိမ်းရေးအတွက် ခြင် လောက်လမ်းစား ငါးများဖြစ်သော ခြင် လောက်လမ်းစားငါး၊ ဒေါင်းငါး၊ တီလားပီးယား၊ ငါးသားပေါက်များထည့်သွင်းခြင်းကို သြဂုတ် ၉ရက် နံနက် ၈နာရီက ကျင်းပသည်။

တက်ရောက်

အဆိုပါ ခြင်လောက်လမ်းစား ငါးစိုက်ထည့်ပွဲသို့ နေပြည်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအုန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီတာတင်ဝင်း၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးညွန့်လွင်နှင့် မြို့ပေါ်ရှိ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ခြင်လောက်လမ်းစားငါးများကို နေပြည်တော် မြို့နယ် အထက(၁)ပတ်ဝန်းကျင်ရှိ ရေမြောင်းများ၊ ရေကန်များ၊ သာသနိက အဆောက်အအုံများရှိ ရေတွင်း၊ ရေကန်များ၊ မီးသတ်ရေကန်များနှင့် မြို့ပေါ်ရှိရေမြောင်းများအတွင်းသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးဦးအုန်းဝင်းနှင့် ဖိတ်ကြားထားသူများက ငါးများကို တပျော် တပါးစိုက်ထည့်ကြသည်။ **(အောက်ပုံ)**

ငှင်းငါးလွှတ်ပွဲရှိ ငါးများမှာ ဒေါင်းငါး ၁၀၀၀ကျော်၊ တီလားပီးယားနှင့် ခြင်စားငါး၉၀၀၀ကျော် စုစုပေါင်း ငါးကောင်ရေ ၁၀၀၀၀ကျော် ထည့်သွင်းပေးကြသည်။

(၁၄၇)

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု မန္တလေး၌ ကွင်းဆင်းစစ်ဆေး

မန္တလေး သြဂုတ် ၁၆

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းပညာရေးမှူး ဦးအောင်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် မန္တလေးမြို့ပေါ်ရှိ ကျောင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးလျက်ရှိရာ သြဂုတ်၁၀ရက် နံနက် ၉နာရီက မန္တလေးအောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ဝဲပုံ)**

ညွှန်ကြားရေးမှူးချုပ်သည် အောင်ရာဇယခန်းမအတွင်း ခင်းကျင်းထားသော နံရံကပ်စာစောင်များ၊ ပန်းချီကားချပ်များ၊ သတင်းဓာတ်ပုံများ၊ ကျောင်းတွင်းစာစီစာကုံးပြိုင်ပွဲဆုရဆောင်းပါးများ၊ အာဟာရဖြစ်စေသော သစ်သီးများ၊ ဟင်းရွက်များ ပြသထားရာ ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်မွန်က ရှင်းလင်းတင်ပြ၍ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားသည်။ (၀၉၀)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အိမ်ခြေလေးဆယ်-နတ်ကင်းလမ်း ကျေးလက်ဂဝံလမ်းခင်းခြင်းလုပ်ငန်း ကျောက်စုဆောင်းထားရှိမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အရာတော် မြို့နယ်ပညာရေးမှူးဒိုင်း ဘောလုံးပြိုင်

အရာတော် သြဂုတ် ၁၅

၂၀၀၉-၂၀၁၀ ပညာသင်နှစ် မြို့နယ်ပညာရေးမှူးဒိုင်း အသက်(၁၃)နှစ်အောက် ဘောလုံးဖိုင်နယ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဇူလိုင် ၂၂ ရက် ညနေ ၄ နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဆရာ၊ဆရာမများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဖိုင်နယ်ပွဲတွင် မကျီးဖောက် အထက(ခွဲ)အသင်းက အုပ်ရှစ်ကြီးအလကကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကျင်းပ

ပြည် သြဂုတ် ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ပြည်မြို့ အထက(၄) ကျောင်းခန်းမ၌ သြဂုတ် ၁၈ရက် ညနေ ၃နာရီကကျင်းပရာ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဒေါ်အေးမြင့်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန်းတင်၊ ပြည်မြို့နယ်ရှိ အထကခုနစ်ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးမြင့်သိန်းက အဖွင့်အမှာစကားပြောကြားပြီး အထကကျောင်းအုပ်ကြီးများ၏ကိုယ်စား အထက(၄)ကျောင်းအုပ်ဆရာကြီးဦးတင်အေးက စာအုပ်လှူဒါန်းရခြင်းအကြောင်း ဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက မြို့နယ်ဦးစီးမှူးထံ တန်ဖိုးငွေ ၅၀၆၂၅ကျပ်ရှိ စာအုပ်စာစောင် ၁၀၁၂၅အုပ်ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (တိုင်း ပြန်/ဆက်)

စံ(၅)ချက်နှင့်ပြည့်စုံသည့်စာကြည့်တိုက်ပေါ်ထွန်းရေး တောင်ကြီးခရိုင်၌ ကွင်းဆင်းဆွေးနွေး

ညောင်ရွှေ သြဂုတ် ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု သာယာကုန်းကျေးရွာ၊ ထီရီးကျေးရွာနှင့် ထီပုံးကျေးရွာများတွင် စံ(၅)ချက်နှင့် ပြည့်စုံသည့် စာကြည့်တိုက် အဆောက်အအုံများ ဖြစ်ပေါ်လာစေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို သာယာကုန်းကျေးရွာ၌ သြဂုတ် ၈ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်မေလွင်က သတ်မှတ်စံ(၅)ချက်နှင့် ပြည့်စုံသည့် ကျေးရွာစာကြည့်တိုက်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊ ညောင်ရွှေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက စာငှားကတ်စနစ် အသုံးပြုဆောင်ရွက်ရေးနှင့် ရန်ပုံငွေထူထောင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးကြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက်ကျေးရွာ သုံးရွာမှ ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

တာမွေမြို့နယ်မေတ္တာညွန့်ရပ်ကွက်နေ ဦးမျိုးမင်းမင်း - ဒေါ်မို့မို့လွင်၊ သမီး မရွှန်းလဲ့ရွှေစင်မိသားစုက မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် သြဂုတ် ၇ရက်က အမှတ်(၃၁) အခြေခံပညာ မူလတန်းကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား အာဟာရ ကျွေးမွေးလှူဒါန်းစဉ်။ (ပညာရေး)

မြို့နယ် သတင်းများ

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာညို၊ ကျန်းမာရေးမှူးနှင့်ဒုတိယဦးစီးမှူး(သန့်)တို့ ဦးဆောင်သော အဖွဲ့သည် ပိုးတန်းရပ်ကွက် အထက(၁) စာသင်ကျောင်း၌ ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ်၌ အသိပညာပေး ဟောပြော

ရေစကြို သြဂုတ် ၁၃

မကွေးတိုင်း ရေစကြိုမြို့နယ် ရွာထောင်ကျေးရွာအုပ်စုတွင် ဇူလိုင် ၂၉ရက်က အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန်းယုမော်က ကျေးလက်စာကြည့်တိုက် ဖွံ့ဖြိုးရှင်သန်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးများ ဟောပြောပြီး မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်ခင်မာစိုးက ငွေချည်(ဖ)ချည်မျှင်ရှည်ဝါ အထွက်နှုန်းအောင်မြင်ရေး စိုက်ပျိုးနည်းစနစ်မှန်ကန်မှုရှိရေး ဟောပြောဆွေးနွေးကြသည်။ *(၀၆၉)*

ဖွင့်လှစ်ပေး

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်တွင် ၂၀၀၉ခုနှစ် မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စု အလွတ်တန်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို မြို့နယ်ဘောလုံးကွင်း၌ သြဂုတ်၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အခမ်းအနားဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ဘောလုံးအသင်းများ ချီတက်အလေးပြုကြစဉ်။

(မြို့နယ် ပြန်/ဆက်)

25-8 (15).pmd 1 8/25/2009, 2:45 AM

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကြိုတင်ကာကွယ် ပေါင်းတည်၌ကျောင်းကျန်းမာရေးအသိပညာပေး

ပေါင်းတည် ဩဂုတ် ၂၃

ပေါင်းတည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ရက် နံနက်၉ နာရီက ပေါင်းတည်မြို့နယ် မြို့မအထက(ခွဲ) ကျောင်းသင်တန်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပေါ်ထွန်းက **(အောက်ပုံ)** ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်အုန်းမြင့်က သွားနှင့်ခံတွင်းကျန်းမာ ရေးပညာပေးဆွေးနွေးခြင်းနှင့် မြို့နယ်ကျန်းမာရေးမှူး ဦးအေးကျော်က သွေးလွန်တုပ်ကွေးကာကွယ်ရေးအကြောင်းကို ဟောပြောကြပြီး အခမ်းအနားသို့ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၈၀ တက်ရောက်ကြသည်။ (ဇာ၁)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ နည်းပညာတက္ကသိုလ် (ကျိုင်းတုံ)၌ မိုးရာသီသီးပင် စားပင်များစိုက် ပျိုး ပွဲ ကို ဩဂုတ် ၁၁ ရက်က ကျင်းပရာ ခရိုင် ဥက္ကဋ္ဌနှင့်ဇနီးတို့က ဦးဆောင်၍ တက် ရောက်လာကြသူများက သစ်ပင်များ စုပေါင်းစိုက်ပျိုး ကြစဉ်။ (ခရိုင်ပြန်/ဆက်)

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကျေးရွာစာကြည့်တိုက်များသို့ သဘာဝဘေးအန္တရာယ် ပညာပေးကစားနည်းများလှူဒါန်း

ကျောင်းကုန်း ဩဂုတ် ၁၈

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာခန်းမ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းက သဘာဝဘေးအန္တရာယ် ပညာပေးကစားနည်း ၁၅၈ ခု ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်၁၇ရက် နံနက်၁၀နာရီကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် စီမံချက်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် စာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဝင်းအောင်က လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက စာကြည့်တိုက်များအတွက် ဂုဏ်ပြုလှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအားထားရသည့် စာကြည့်တိုက်များအဖြစ် ဆက်လက်တိုးပွားအောင် ဆောင်ရွက်ရေးဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ထို့နောက် ပညာပေးဂိမ်းများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပညာပေးဂိမ်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှပိုမိုက ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များကိုယ်စား လက်ခံယူသည်။ **(အောက်ပုံ)**

မြို့နယ်ရုံးအနေဖြင့် စာကြည့်တိုက်များ၊ စာငှားကတ်စနစ်ကျင့်သုံးမှုနှင့် စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်မှုများအား ကွင်းဆင်းဆောင်ရွက်မှုနှင့်အတူ ပညာပေးကစားနည်းများ၏ အကျိုးထိရောက်မှုများ၊ ပညာပေးရှင်းလင်းသွားမည် ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့စီစဉ်မှုဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဩဂုတ် ၉ရက်က နမ့်ဆန်မြို့ မင်္ဂလာနံနက်ဈေး၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီထွေးနိုင်က ဈေးသည်များ၊ ဈေးဝယ်လာသူများအား ပစ္စည်းထည့်ယူဆောင်ရန်အတွက် စက္ကူအိတ်များ၊ ဖက်များနှင့် ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပျိုးဥယျာဉ် သာယာလှပရေး ဆောင်ရွက်

မြစ်ကြီးနား ဩဂုတ် ၁၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းဥယျာဉ်အတွင်းအပြင် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များမရှိစေရေး၊ မြက်များရှည်မနေစေရေး၊ ပန်းခြံအတွင်း လျှောက်လမ်းဝဲယာ ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်ထားမှု၊ ပျိုးပင်များအတွင်း ထည့်သွင်းပျိုးထောင်ဆောင်ရွက်မှုကို ဩဂုတ် ၁၀ရက်က မြို့နယ်တာဝန်ခံအရာရှိ ဦးဇော်မိုး(လက်ထောက်ညွှန်ကြားရေးမှူး)သည် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်နှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ပန်းခြံအတွင်းအပြင် သန့်ရှင်းသပ်ရပ် သာယာလှပရေးဆောင်ရွက်ရန် ပျိုးဥယျာဉ်နှင့် ပျိုးခြံတာဝန်ခံများအား ဆွေးနွေးမှာကြားသည်။ **(မြို့နယ်စည်ပင်)**

ပေါင်မြို့နယ် ပြန်/ဆက် စာဖတ်ဝိုင်းကျင်းပ

ပေါင် ဩဂုတ် ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဩဂုတ် ၁၄ရက် မွန်းလွဲ ၁နာရီက စာဖတ်ဝိုင်းကျင်းပရာ ဩဂုတ်၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တောသားလေး၏ သားရွှေအိုးထမ်းလာတာ မြင်လိုက်ရသလိုပါပဲ ဆောင်းပါးကို စာထောက်(၃) ဒေါ်မိယဉ်ယဉ်မွန်နှင့် အငယ်တန်းစာရေး ဒေါ်အေးစန္ဒာတို့က ဖတ်ကြားဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေတင်ပို့ဖြန့်ဝေ

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဆင်ပေါင်ဝဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး မြစ်ရေတင်လုပ်ငန်းမှ လေးလက်မရေတင်ပိုက်လိုင်းဖြင့် ရေဂါလန်၅၄၀၀၀ဆံ့ ရေစုကန်သို့ ရေတင်ပို့ဖြန့်ဝေပေးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မှုခင်း သတင်း — ဓားကိုင်ပြီး အိမ်ပေါ်တက်ရမ်းကားသူ ကောလင်း၌ ထောင်ဒဏ်ချမှတ်

ကောလင်း ဩဂုတ် ၂၃

တစ်ရပ်ကွက်တည်းနေသူအပေါ် ရန်ငြိုးရန်စဖြင့် ဓားကိုင်ကာ အိမ်ပေါ်တက်၍ ဆူပူကြိမ်းမောင်းပြီး အိမ်ရှိပစ္စည်းများဖျက်ဆီးသည့်ဖြစ်ရပ်ကို ကောလင်းမြို့ စက်ရုံလယ်ပြင်ရပ်တွင် မေ၂၄ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မေ ၂၄ ရက် ညနေ ၆ နာရီက ကောလင်းမြို့ စက်ရုံလယ်ပြင်ရပ်နေ ဒေါ်သန်းသန်းညို(၆၁)နှစ်သည် သမီး ဖြစ်သူနှင့်အတူ နေအိမ်၌နေထိုင်စဉ် လမ်းအရှေ့ဘက် မျက်နှာချင်းဆိုင်နေသူ တင်အုန်းသည် လက်တွင်ဓားတစ်ချောင်းကိုင်ပြီး ဆဲဆိုကြိမ်းမောင်းကာ ခြံဝင်းထဲဝင်လာသဖြင့် သားအမိနှစ်ယောက် ခြံတစ်ဝင်းတည်းနေယောက္ခမဖြစ်သူ ဒေါ်အေးမိနေအိမ်သို့ ရှောင်တိမ်းနေခဲ့သည်။

တင်အုန်းသည် အိမ်ပေါ်တက်ပြီး အသင့်ပါလာသောဓားဖြင့် အိမ်ရှိပစ္စည်းများကို ခုတ်ပြီး ဖျက်ဆီးခဲ့သည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ ဒေါ်သန်းသန်းညိုက ကောလင်းမြို့နယ် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

ပြစ်ဒဏ်ချ

ယင်းအမှုကို ကောလင်းမြို့နယ်တရားရုံးက ကြားနာစစ်ဆေးပြီး ဇူလိုင် ၁၆ရက်တွင် တရားခံတင်အုန်းအား ပြစ်မှုပုဒ်မ ၄၅၂ အရ အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်၊ ပုဒ်မ၂၉၄(ခ)အရ အလုပ်နှင့်ထောင်ဒဏ်တစ်လ၊ ပုဒ်မ ၄၂၇အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်လ၊ ပုဒ်မ ၇၅အရ အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။ *(ဝ၃၂)*

အရာတော်မြို့နယ်၌ ဆေးခန်းဖွင့်ပွဲကျင်းပ

အရာတော် ဩဂုတ် ၁၅

မုံရွာခရိုင် အရာတော်မြို့နယ် သလဲဘာကျေးရွာအုပ်စု စပါးတွင်းကျေးရွာ၌ ဇူလိုင် ၂၃ရက် နံနက် ၈နာရီက ချင်းတွင်း ဆန်လျှအသင်း ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါဆေးခန်းရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ကျန်းမာရေးဆိုင်ရာလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှုများကိုလည်းကောင်း၊ ချင်းတွင်းဆန်လျှအသင်းမှ ဒေါက်တာနိုင်လင်းအောင်က ကျေးရွာသူ ကျေးရွာသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို စေတနာအပြည့်ဖြင့် ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်းကောင်း အသီးသီး ပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာချင်းဆက်လမ်း ကြည့်ရှု

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့်အဖွဲ့ ဇူလိုင် ၃၀ရက်က နွားထိုးကြီးမြို့နယ်နှင့် မလှိုင်မြို့နယ် ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းအခြေအနေကို ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးကံချွန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်

ရမ်းဗြဲ ဩဂုတ် ၁၉

ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ရုံးတက်လမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ငရွှေဝါလမ်းတို့တွင် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွန့်တို့က ကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၇ရက်က မောင်တောမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဦးမြဝါလမ်းမကြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းဘေးဝဲယာရှိရေမြောင်းများမှ အမှိုက်များ၊ သဲနုန်းများ ရှင်းလင်းခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် မြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးဌေးဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

Discount ➡ 5% To 10%

THREE FRIENDS CONSTRUCTION CO., LTD.

Modern Furniture (MDF,Ply,Chip,Teak) Composite Thaiply Rollershutter Architectural Design (Home Renovation)

လာမီနိတ် Floor တစ်ကျင်း(အပြီးအစီး) 8 mm - (130,000/-)
12mm - (185,000/- မှ 220,000/-)

Wall paper (5% to 20% Discount)

(31st Aug'09 အထိသာ)

44A ☎ 01- 201478,294864,298341,396683, 397301, 397302

ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လရ/၃၂၂၃၅ အမ်ဘို-125 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အောင်အေးဦး ၁၂/မဂဒ(နိုင်)၀၄၄၁၇၇ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊(ပြည်နယ်ရုံး)၊ လားရှိုး။**

မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဓ/၇၄၂၈ Nissan Diesel Truck(6×2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်းလင်း ၈/ခမန(နိုင်)၁၀၆၅၈၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ရွာသာကြီးရုံး)၊ ရန်ကုန်မြို့။

အမည်ပြောင်း

အဖ ဦးမျိုးသန့်၏ သမီးဖြစ်သူ အုတ်တွင်းမြို့ အထက ပဋ္ဌမတန်း (C)မှ မမိုးငြိမ်းစံအား မသက်မွန်ဟန်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မသက်မွန်ဟန်။**

မိခင်အမည်မှန်

မြိတ်မြို့အထက(၁)၊ တက္ကသိုလ်ဝင်တန်း (အတွဲ-၁၊ B)တွင် ပညာသင်ကြားနေသော မသီသီလွင်၏ မိခင်အမည်မှန်မှာအိမ်ထောင်စုစာရင်းအရ ဒေါ်မိငင်း ၆/မမန(နိုင်)၁၅၁၄၁၈ ဖြစ်ပါကြောင်း။ **ဒေါ်မိငင်း ၆/မမန(နိုင်)၁၅၁၄၁၈။**

သုံးထပ်ဆောင်နှင့် မိုးပျံသိမ်အတွက် လှူဒါန်းနိုင်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ ဟသ်ာလမ်း၊ သိပ္ပါလယပရိယတ္တိစာသင်တိုက်အတွင်း အသစ်ဆောက်လုပ်မည့် ပရိယတ္တိရုံသီ သုံးထပ်စာသင်/စာချ ယဉ်ကျေးမှုသင်တန်းဆောင်နှင့် ဆောက်လုပ်ပြီးသော သုံးထပ်ဆောင်အပေါ်ဆုံးထပ်၌ သီးခြားမိုးပျံ ဥပရိပါသာဒ သိမ်တော်မြတ် အလျား ၂၄ပေ၊ အနံ ၁၈ပေကို ဆောက်လုပ်မည်ဖြစ်ပါသောကြောင့် တစ်ဦးချင်းဖြစ်စေ၊ အများစုပေါင်း၍ဖြစ်စေ လာရောက်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးကိုမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

တစ်ဦးတည်း ဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၆)၊ နယ်မြေ(၁၁)၊ အိမ်အမှတ်(၉)နေ ဦးအိုက်စိုင်း ၁၃/လရန(နိုင်) ၀၂၈၀၂၄နှင့် ဦးစိုင်းဘသိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအိုက်စိုင်း(ခ)ဦးစိုင်းဘသိန်း။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၁)၊ မြေကွက်အမှတ်(၃၁၅)အား မြေငှားစာချုပ်အမည်ပေါက် ဒေါ်မယ်ကျော့ ဘီအက်ဖ်-၀၇၁၉၈၇၊ ၁၂/ ဗတထ(နိုင်)၀၂၁၂၅၀၏သား ဦးငွေအောင် ဘီတီအိပ်ချ်ဂျီ-၀၀၅၃၇၈ ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသော ဒေါ်စန်းစန်းဝင်း ၁၂/မရက(နိုင်) ၁၀၀၆၆၁မှ ပါမစ်မူရင်းတင်ပြ၍ မြေငှားစာချုပ်မူရင်းနှင့် လဲလှယ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါဝင်သည့်ရက်မှ ၁၅ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်နှင့် မြေငှားစာချုပ်(မူရင်း) လဲလှယ်ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

"အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"
ALL ADULTS MUST BE ABLE TO DRIVE
(NEW ASIA)
(Normal Course) (Short Course)
Ph: 661807, 09 512 1284, 09 518 3038

Computer Programming
Cyber Sky
(1)Office(2007)
(2)A+ Hardware & CIT
(3)Web Essential
(4)Programming Fundamental
(5).net Essential
(6)Core Java
Discount

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၂၄၆၂ KENBO - 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မေထွန်း ၈/မဘန(နိုင်)၀၀၆၂၃၀က(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊(ခရိုင်ရုံး)၊မင်းဘူးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ (ခရိုင်ရုံး)၊ မင်းဘူး။**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ အကွက်အမှတ်(၆၃)၊ မြေကွက်အမှတ်(၂၃၁)အား ဗိုလ်မှူးဇော်သူမှ နှစ် ၃၀ မြေငှားဂရန်ဖြင့် ပိုင်ဆိုင်ပါသည်။ ၎င်းမူရင်းဂရန်ပျောက်ဆုံးသွား၍ ဂရန်ထပ်မံလျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ပါသည်။
တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

ခအောင်ချမ်းသာ

တရားမပုံစံအမှတ်-၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၆၆

ဒေါ်ခင်မာထွေး **နှင့်** ၁။ ဦးဇော်ဝင်း
၂။ ဒေါ်ကြူကြူဇင်

တရားလို **တရားခံများ**

အမှတ်-၁၇၉၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးဇော်ဝင်းနှင့်ဒေါ်ကြူကြူဇင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၄၂၆၀၀၀၀ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၉ခုနှစ် စက်တင်ဘာ ၂ရက် (၁၃၇၁ခုနှစ် တော်သလင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သင်းသင်းအောင် (တ/၁၈၈၅)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

စုပေါင်းသန့်ရှင်း

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဇူလိုင် ၃၁ရက်က အဖွဲ့ရုံးတွင်း၊ ရုံးပြင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဈေးအတွင်းသန့်ရှင်း

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဖွဲ့ပိုင်ဈေးများ အတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃၁ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်စိုးဝင်းနှင့် ဈေးဝန်ထမ်းများ လပဟာပြင်ဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပျိုးပင်များစိုက်ပျိုး

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် မော်ဝန်းမာလာပန်းခြံအတွင်း အဖွဲ့ဝန်ထမ်းများဖြင့် ပန်းအလှပင်များစိုက်ပျိုးခြင်း၊ ပျိုးထုပ်များထုပ်ခြင်းနှင့် ပျိုးပင်များစိုက်ပျိုးခြင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်ဘွား ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။
✳ RFA, DVB - သွေးထိုးနေသည်။
✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
✳ နားမယောင်လေနဲ့ သတိထား။

ချင်းတွင်းနှင့် စစ်တောင်း မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၄

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၀၅စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အောက်သို့ ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၇၈စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၈စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀အောက်သို့ ကျဆင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထက်/အောက်စုန်ဆန်သွားလာရာ မန္တလေးဘူတာကြီး

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
ခင်သန္တာသိန်း (မြန်မာ့အလင်း)

မန္တလေး ဩဂုတ် ၂၄

နိုင်ငံတော်အစိုးရလက်ထက် နယ်မြေဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဓိကအရေးကြီးသည့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရန် ဦးစားပေးဆောင်ရွက်ခဲ့သည်။

ဤကဲ့သို့ လမ်းနှင့် တံတားများတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ယခုအခါ မြန်မာနိုင်ငံတစ်နံတစ်လျား လမ်း၊ တံတားများ ကွန်ရက်သဖွယ် ဖြန့်ကြက်ပေါ်ထွန်းလာခဲ့ပြီး ခရီးသွားလာမှု လွယ်ကူချောမွေ့ကာ နယ်မြေဒေသများ ဖွံ့ဖြိုးလာခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ■

မြန်မာ့အလင်း **အင်တာနက်ကျန်းမာရေး**

နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ပါလျှင် ဦးနှောက်မှတ်ဉာဏ်ကောင်းမွန်နိုင်ဟုဆို

ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုနှင့် မှတ်ဉာဏ်ကောင်းမွန်မှုတို့သည် ဦးနှောက်အတွင်း ဆဲလ်များပျက်စီးမှု သို့မဟုတ် ဆဲလ်အသစ်များဖြစ်ပေါ်မှုနှင့် ဆက်စပ်လျက်ရှိကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ *စာမျက်နှာ ၅ ကော်လံ ၃* ✳